ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၈)ရက် ၊ အင်္ဂါနေ့ ၊ (17-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၂၀၁)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ်(Union Accord) အစိတ်အပိုင်း (၁)၊(၂)၊ (၃)ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေးပူးပေါင်းကော်မတီ အဖွဲ့ဝင်များကို တွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊ (၂)၊ (၃)ပါအချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေးပူးပေါင်းကော်မတီအဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဒုတိယထပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ စာမျက်နှာ ၂၀ ကော်လံ ၁

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord)အစိတ်အပိုင်း(၁)၊ (၂)၊ (၃)ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီအဖွဲ့ဝင်များကို တွေ့ဆုံစဉ်။

ရတနာပုံ ယနေ့ဗဟုသုတစာရာ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

စာမျက်နှာ - ၁၆

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၁-၁၂-၂၀၂၆ ရက်မှစတင်ဖွင့်လှစ်မည်ဖြစ်ရာ ၁၉-၁၁-၂၀၂၆ ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်တို့ရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ


နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ May ကိုယ်ပိုင်အထက်တန်းကျောင်း၊ SYS ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကောင်းကင်ကြယ် ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ KEM ကိုယ်ပိုင်အထက်တန်းကျောင်း၊ တပ်ကုန်းမြို့နယ်ရှိ REC ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

စာမျက်နှာ ၂၂ ကော်လံ ၁



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။



အားကောင်းသောမုန်တိုင်းငယ် ပိုမိုအားကောင်းလာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၆

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်(Deep Depression)သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၄၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၄၅ မိုင်ခန့်နှင့် ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၅၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ စာမျက်နှာ ၁၉ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်
အယ်ဒီတာ့အာဘော်

တန်ဆောင်တိုင်ရုံးပိတ်ရက် သွားလာရေးအဆင်ပြေစေမည့် အထူးရထားများ

တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်နှင့် ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများ တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန်အတွက် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း တို့တွင် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့်လည်းကောင်း၊ လေအိတ်ရထား တွဲဆိုင်းများဖြင့်လည်းကောင်း၊ ရိုးရိုး(AAR) တွဲဆိုင်းများဖြင့်လည်းကောင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ပုံမှန်ရထားများအပြင် အထူးရထားများကို နိုဝင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်မပါ နိုဝင်ဘာ ၂၀ ရက်မှ ၂၅ ရက်ထိ ပြေးဆွဲပေးမည်ဖြစ်သည်။

ထိုသို့ပြေးဆွဲရာ၌ နိုဝင်ဘာ ၂၀ ရက်တွင် ရန်ကုန်-မော်လမြိုင်ခရီးစဉ်ကို အဆန်အထူး(AAR) ရထားဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၂၁ ရက်တွင် ရန်ကုန်-နေပြည်တော်ခရီးစဉ်ကို အဆန်အထူး(DEMU)၊ နေပြည်တော်-ရန်ကုန်ခရီးစဉ်ကို အစုန်အထူး(DEMU) ရထားဖြင့်လည်းကောင်း၊ ရန်ကုန်-ပြည်ခရီးစဉ်ကို အဆန်အထူး(လေအိတ်)၊ ပြည်-ရန်ကုန်ခရီးစဉ်ကို အစုန်အထူး(လေအိတ်)ရထားဖြင့်လည်းကောင်း၊ ရန်ကုန်-မော်လမြိုင်ခရီးစဉ်ကို အဆန်အထူး(လေအိတ်)၊ မော်လမြိုင်-ရန်ကုန်ခရီးစဉ်ကို အစုန်အထူး(AAR)ရထားဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် ရန်ကုန်-နေပြည်တော်ခရီးစဉ်ကို အဆန်အထူး(DEMU)၊ နေပြည်တော်-ရန်ကုန်ခရီးစဉ်ကို အစုန်အထူး(DEMU)ရထားဖြင့်လည်းကောင်း၊ ရန်ကုန်-ပြည်ခရီးစဉ်ကို အဆန်အထူး(လေအိတ်)၊ ပြည်- ရန်ကုန်ခရီးစဉ်ကို အစုန်အထူး(လေအိတ်) ရထားဖြင့်လည်းကောင်း၊ ရန်ကုန်-မော်လမြိုင်ခရီးစဉ်ကို အဆန်အထူး(လေအိတ်)၊ မော်လမြိုင်-ရန်ကုန်ခရီးစဉ်ကို အစုန်အထူး(AAR) ရထားဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် မော်လမြိုင်-ရန်ကုန်ခရီးစဉ်ကို အစုန်အထူး(AAR)ရထားဖြင့်လည်းကောင်း တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း မီးရထားများတိုးချဲ့ပြေးဆွဲပေးမည်ဖြစ်သဖြင့် ပြည်သူများ၏ခရီးသွားလာမှု အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။ မီးရထားဖြင့် ခရီးသွားခြင်းသည် ဈေးနှုန်းသက်သာခြင်း၊ လူတန်းစားမရွေးစီးနင်းနိုင်ခြင်း၊ လူ အများနှင့်အတူ ခရီးသွားလာရသဖြင့် မိတ်ဆွေတိုးပွားခြင်း စသည့်အကျိုးကျေးဇူးများရနိုင်သည်။ ထို့ပြင် မီးရထားနှင့်လုပ်ငန်းချင်းဆက်နွှယ်နေသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အပြန်အလှန်အထောက်အကူပေးနိုင်သည့် အကျိုးကျေးဇူးများရရှိနိုင်ပေသည်။

သို့ဖြစ်ရာ မြန်မာ့မီးရထားလုပ်ငန်းသည် ခရီးသွားပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေသည့်အပြင် ခရီးလမ်းကြောင်းတစ်လျှောက် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိစေသည်။ နိုင်ငံတော်၏လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အဓိကကျသော မြန်မာ့မီးရထားသည် ယခုအခါ ခရီးသွားလာသူများ အဆင်ပြေချောမွေ့စေရန် ခေတ်မီရထားများဖြင့် ပြေးဆွဲပေးလျက်ရှိသည့်အပြင် တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများကိုပါ တိုးချဲ့ပြေးဆွဲမည်ဖြစ်ရာ ခရီးစဉ်အတွင်း နိုင်ငံကြီးသားပီသစွာ စည်းကမ်းတကျ စီးနင်းလိုက်ပါခြင်းဖြင့် သယ်ယူပို့ဆောင်ရေးစနစ်ကောင်းတစ်ခုကို ဂုဏ်ယူစွာပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း အကြံပြုရေးသားအပ်ပါသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ကနီ နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၈၈၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၃ ဒသမ ၁၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ နေကြာ ၃၈၈၇ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ကနီမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများကို စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

မအူပင်မြို့နယ်တွင် ရက် ၉၀ ဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

မအူပင် နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရက် ၉၀ ဆန်များ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး စျေးကွက်တွင် ယခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်ပြီး ရက် ၉၀ ဆန်များ ဝယ်ယူမှု အားကောင်းလာကာ အရောင်းအဝယ် ကောင်းမွန်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ရက် ၉၀ ဆန်များ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသစျေးကွက်မှ အဝယ်လိုက်လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

''အခု ဒေသစျေးကွက်မှာ အခြားဆန်တွေထက် ရက် ၉၀ ဆန်က ဝယ်လိုအားကောင်းလာနေပါတယ်။ နိုဝင်ဘာလပထမပတ်လောက်ကနေ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ရန်ကုန်စျေးကွက်ကလဲ ရက် ၉၀ ဆန်တွေကို အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းလာတာပါ။ ပြည်တွင်းမှာ အဝယ်လိုက်နေတာကလဲ ပြည်တွင်း ဆန်ကြိမ်းလုပ်ငန်းနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာလို့ပါ။ အရောင်းအဝယ်ကောင်းမွန်လာတော့ ဆန်စပါးလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေအဓိက အဆင်ပြေလာပါတယ်'' ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး စျေးကွက်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၉၅၀၀ ထိ ပေါက်စျေးရှိကြောင်း၊ အဆိုပါ ရက် ၉၀ ဆန်များ ဝယ်လိုအားကောင်းလာခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကာ အဆင်ပြေ လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဝမ်းတွင်းမြို့နယ် ရွာရှည်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာရှည်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေဖြင့် နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရွာရှည်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဇီဇဝါအဖွဲ့၊ နှင်းဆီအဖွဲ့၊ ခွာညိုအဖွဲ့နှင့် ခတ္တာအဖွဲ့လေးဖွဲ့မှ နွားမွေးမြူရေးလုပ်ငန်း သတ်မှတ်အကောင်ရေ ပြည့်မီခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာရှည်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အစုအဖွဲ့လေးဖွဲ့သည် RBF စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ တို့ဖြင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၉၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

တောင်တွင်းကြီးမြို့နယ် ပတ်လည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

တောင်တွင်းကြီး နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ပတ်လည်ကြီးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပတ်လည်ကြီးကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၂၀ ကို ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နွဲ့ယဉ်

ပြင်ဦးလွင်မြို့နယ် ကျွန်းတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပြင်ဦးလွင် နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျွန်းတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၄၆၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျွန်းတိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၂ ဦးကို ရန်ပုံငွေကျပ် သိန်း ၄၆၀ ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်ထံမှ သိရသည်။

အောင်ရဲကျော်

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၀၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



စစ်ကိုင်း နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၀၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် နေကြာ ၃၁၃၃၈ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၀၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နေကြာ ၃၁၃၃၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၆၀၇၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပက တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားပြီး ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူသို့ ဖလှယ်သည့်နည်း စနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

သာစည်မြို့နယ် ကန်ကြီးအောက်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ကြီးအောက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကန်ကြီးအောက်ကျေးရွာ၌ VRFP စီမံကိန်း ရန်ပုံငွေကျပ် ၂၅ ဒသမ ၉ သန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကန်ကြီးအောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၄ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၁ ဒသမ ၈သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို ရန်ပုံငွေကျပ် ၂၅ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ငပုတော နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၈၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့အောက်တိုဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ဆန်တွေကို ပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိမှာ ဒေသထွက် စပါးတွေကိုဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဒီလထဲမှာလဲ ရန်ကုန်ဈေးကွက်က ပေါ်ဆန်းဆန်တွေ အဝယ်လိုက်နေပါတယ်။ အခုလို ပေါ်ဆန်းဆန်တွေ တင်ပို့ရောင်းချအား ကောင်းလာတော့ တောင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေအဆင်ပြေနေပါတယ်" ဟု ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၉၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဆန်များကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း



အများပြည်သူသယ်ယူပို့ဆောင်ရေး သမိုင်းမှတ်တိုင် အပိုင်း(၁)

ပါမောက္ခကိုကိုအောင်



ဓာတ်ပုံ-အင်တာနက်

ကမ္ဘာ့အဦးအစ အများပြည်သူသယ်ယူပို့ဆောင်ရေး

ကမ္ဘာ့သယ်ယူပို့ဆောင်ရေးသမိုင်းတွင် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုးလာမှုကို နည်းပညာ၊ လူမှုစီးပွား အခြေအနေနှင့် ရှာဖွေတွေ့ရှိမှုများက ပုံဖော်ခဲ့ကြသည်။ သက်ဆိုင်ရာကဏ္ဍအလိုက် ကမ္ဘာ့ပထမဦးဆုံးသော အများပြည်သူသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုဆိုင်ရာ လုပ်ဆောင်ချက်များကို အောက်ပါအတိုင်း လေ့လာနိုင်သည်။

(က) ကုန်းလမ်းပို့ဆောင်ရေး (Road Transport)

ကမ္ဘာ့ပထမဦးဆုံး အများပြည်သူဆိုင်ရာ မြင်းလှည်းခရီးသည်တင် ဝန်ဆောင်မှုကို ၁၆၆၂ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဘလေ့စ်ပက်စကယ်က Carrosses a Cinq Sols ဟုခေါ်သော သတ်မှတ်လမ်းကြောင်းနှင့် အချိန်ဇယားတို့ဖြင့် စတင်ခဲ့သည်။

အဆိုပါအများပြည်သူဆိုင်ရာမြင်းလှည်းခရီးသည်တင်ဝန်ဆောင်မှုသည် မြို့တွင်းတွင် သတ်မှတ်ပို့ဆောင်ခရယူသော မြင်းလှည်းများဖြင့် ခရီးသည်များကိုသယ်ဆောင်ပေးသည့်စနစ်ဖြစ်ပြီး ခေတ်သစ်မြို့ပြဘတ်စကားပို့ဆောင်ရေးစနစ်၏ ရှေ့ပြေးပုံစံဖြစ်ခဲ့သည်။

သို့ရာတွင် လူမှုအဆင့်အတန်းခွဲခြားမှုကြောင့် (အထက်တန်းလွှာများကသာ အသုံးပြုခွင့်ရခြင်းကြောင့်) စီးပွားရေးအရ မအောင်မြင်ခဲ့ပေ။ ၁၉ ရာစုအရောက်တွင် မြင်းရထားဘတ်စ်များ (Horse-drawn Omnibus) ပေါ်ပေါက်လာပြီးမှသာလျှင် အောင်မြင်သော အများပြည်သူသယ်ယူပို့ဆောင်ရေးကိုစတင်နိုင်ခဲ့သည်။

(ခ) ရထားပို့ဆောင်ရေး(Railway Transport)

ကမ္ဘာ့ပထမဦးဆုံး အများပြည်သူဆိုင်ရာ ရေနွေးငွေ့စွမ်းအားသုံးမီးရထားလမ်းကို ၁၈၂၅ ခုနှစ် စက်တင်ဘာ ၂၇ ရက်က ဖြတ်နိုင်ငံ၌ စတော့တန် - ဒါလင်းတန်ရထားလမ်း (Stockton and Darlington Railway)အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။

ဂျော့ချ်စတီဖင်ဆန် (George Stephenson)က လိုကိုမိုးရှင်းနံပါတ်တစ် (Locomotion No. 1)ရေနွေးငွေ့အင်ဂျင်တပ်မီးရထားစက်ခေါင်းကို မောင်းနှင်ကာ ကုန်စည်နှင့် ခရီးသည်များကို စတင်သယ်ယူပို့ဆောင်ပေးခဲ့သည်။

တီထွင်သူပညာရှင်ကြီး ဂျော့ချ်စတီဖင်ဆန်၏ စွမ်းဆောင်ချက်က ကမ္ဘာ့စက်မှုတော်လှန်ရေးကာလ၏ အရေးပါသော မှတ်တိုင်တစ်ခုအဖြစ်ဖြင့် ကမ္ဘာတစ်ဝန်း မီးရထားပို့ဆောင်ရေးခေတ်ကို အစပျိုးပေးခဲ့သည်။

(ဂ) ရေကြောင်းပို့ဆောင်ရေး (Maritime Transport)

ကမ္ဘာ့ပထမဦးဆုံး ရေနွေးငွေ့စွမ်းအားသုံး ရေကြောင်းခရီးသည် ပို့ဆောင်ရေးဝန်ဆောင်မှုကို ၁၈၀၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ ရောဘတ်ဖူလ်တန် (Robert Fulton)က ကလဲရ်မောင့် (Clermont) သင်္ဘောဖြင့် နယူးယောက်မြို့မှ အဲလ်ဘန်နီမြို့သို့ ဟဒ်ဆန်မြစ်ကြောင်း (Hudson River)တစ်လျှောက် ခုတ်မောင်းပြေးဆွဲခြင်းဖြင့်စတင်ခဲ့သည်။ ၎င်းသင်္ဘောက ပင်လယ်ပြင်သွားရေယာဉ်မဟုတ်သေးသော်လည်း မြစ်ကြောင်းတစ်လျှောက်၌ ပုံမှန်ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုကို စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပင်လယ်ပြင်ကို ဖြတ်သန်းခုတ်မောင်းပြေးဆွဲသည့် ပထမဦးဆုံး ရေနွေးငွေ့ စွမ်းအားသုံးသင်္ဘော ဝန်ဆောင်မှုကို ၁၈၁၈ ခုနှစ်က ဗြိတိန်နှင့် ပြင်သစ်ကြား ခရီးသည်တင် ရေနွေးငွေ့သင်္ဘောလိုင်းဖြင့် စတင်ခဲ့ခြင်းဖြစ်ပြီး ၁၈၃၈ ခုနှစ်တွင် ဆိုင်းရပ်စ် (SS Sirius) သင်္ဘောက အတ္တလန္တိတ်သမုဒ္ဒရာကို ရေနွေးငွေ့စွမ်းအားဖြင့် ဖြတ်သန်းခုတ်မောင်းခဲ့သည်။

(ဃ) လေကြောင်း ပို့ဆောင်ရေး(Air Transport)

ကမ္ဘာ့ပထမဦးဆုံး ပုံမှန်ခရီးသည်တင် လေကြောင်းလိုင်းကို ၁၉၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ စိန့်ပီတာစဘတ်-တမ်ပါလေကြောင်းလိုင်း(St. Petersburg–Tampa Airboat Line) ဖြင့်စတင်ခဲ့သည်။

Percival Elliott Fansler ၏ ဦးဆောင်မှုဖြင့် Benoist Type XIV ရေယာဉ်ပျံ (Flying Boat)ကို အသုံးပြုကာ စိန့်ပီတာစဘတ်မြို့နှင့် တမ်ပါမြို့ကြား တည်ငြိမ်သော လေကြောင်းခရီးစဉ်များကို စတင်ပြေးဆွဲခဲ့သည်။ တစ်ကြိမ်ပျံသန်းလျှင် ခရီးသည်တစ်ဦးတည်းကိုသာ သယ်ဆောင်နိုင်ပြီး ခရီးသည်တစ်ဦးအတွက် ပို့ဆောင်ခအဖြစ် အမေရိကန်ဒေါ်လာ ငါးဒေါ်လာ ပေးချေခဲ့ရသည်။

❖ အများပြည်သူဆိုင်ရာမြင်းလှည်းခရီးသည်တင် ဝန်ဆောင်မှုသည် မြို့တွင်းတွင် သတ်မှတ်ပို့ဆောင်ခရယူသော မြင်းလှည်းများဖြင့် ခရီးသည်များကို သယ်ဆောင်ပေးသည့်စနစ်ဖြစ်ပြီး ခေတ်သစ်မြို့ပြဘတ်စကားပို့ဆောင်ရေးစနစ်၏ ရှေ့ပြေးပုံစံဖြစ်ခဲ့သည်။ သို့ရာတွင် လူမှုအဆင့်အတန်းခွဲခြားမှုကြောင့် (အထက်တန်းလွှာများကသာ အသုံးပြုခွင့်ရခြင်းကြောင့်) စီးပွားရေးအရမအောင်မြင်ခဲ့ပေ။ ၁၉ ရာစုအရောက်တွင် မြင်းရထားဘတ်စ်များ(Horse-drawn Omnibus) ပေါ်ပေါက်လာပြီးမှသာလျှင် အောင်မြင်သော အများပြည်သူသယ်ယူပို့ဆောင်ရေးကို စတင်နိုင်ခဲ့သည်။ ❖


အဆိုပါဝန်ဆောင်မှုသည် ၄င်းရမ်းထားသော လေယာဉ်၊ သတ်မှတ်ထားသော လမ်းကြောင်း၊ သတ်မှတ်ထားသောအချိန်နှင့် ကြိုတင်ကြေညာထားသော ဝန်ဆောင်ခတို့ဖြင့် လုပ်ကိုင်သော ကမ္ဘာ့ပထမဦးဆုံးလေကြောင်းလိုင်းဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ၌ အများပြည်သူ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ ပေါ်ထွန်းလာခြင်း

အေဒီ ၆ ရာစုခန့်ကတည်းက ဗမာနှင့် မွန်လူမျိုးတို့ အခြေချနေထိုင်ခဲ့ရာ ဒဂုံအမည်ရှိ ဆိပ်ကမ်းရွာငယ်လေးသည် အလောင်းမင်းတရားက သိမ်းပိုက်လိုက်ချိန် ၁၇၅၅ ခုနှစ်မှစ၍ ကျေးရွာငယ်များစုစည်းထားသော ဆိပ်ကမ်းရွာကြီးတစ်ခုဖြစ်လာပြီး ရန်ကုန်ဟုအမည်တွင်ခဲ့သည်။ ထိုစဉ်က လူဦးရေမှာ ၁၀၀၀၀ မှ ၁၅၀၀၀ အတွင်း၌သာရှိခဲ့မည်ဟု ခန့်မှန်းရသည်။ အလောင်းမင်းတရားက မြို့ရိုးကို မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခါစ ၁၉၄၈ ခုနှစ်တွင်မူ ရန်ကုန်မြို့၏ လူဦးရေမှာ ၅၀၀၀၀၀ ခန့် ရှိနေပြီဖြစ်သည်။ လက်ရှိကာလတွင်မူ ရန်ကုန်လူဦးရေမှာ ၂၀၂၄ ခုနှစ် ခန့်မှန်းချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လူဦးရေက ခုနစ်သန်းကျော်ခန့် ထိရှိလာပြီး ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့ပြနေ လူဦးရေက ၅ ဒသမ ၆ သန်းခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ပထဝီအနေအထားအရ ရေကြောင်းလမ်းဝင်ပေါက်၊ ထွက်ပေါက်နှင့် လေကြောင်းလမ်းဝင်ပေါက်၊ ထွက်ပေါက်များရှိနေသော ရန်ကုန်မြို့ကို အခြေပြုပြီး နိုင်ငံတကာနှင့် ကူးသန်းဆက်သွယ်ရာမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည့် အခြေအနေနှင့် လိုက်လျောညီစွာ လူဦးရေကလည်း သိသိသာသာ တိုးပွားလာခဲ့သည်။

လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၈၁၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



မြောင်းမြ နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သောစပါး ၁၈၁၇ ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၂၈၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးခဲ့သော စပါးခင်းများကို ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၁၈၁၇ ဧက ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရိတ်သိမ်းပြီးစီးခဲ့သော စပါးများသည် တစ်ဧကလျှင် ၈၆ ဒသမ ၉၆ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်းမြခရိုင်မှာ စပါးဧကာ ၁၄၃၀၀၀ လောက်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ စိုက်ပျိုးထားတဲ့ စပါးတွေကို ပြန်လည်ရိတ်သိမ်းနေပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စပါးတွေကို အခက်အခဲမရှိ လျာထားချက်အတိုင်း အဆင်ပြေပြေ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တာတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာနဲ့ အခြားလိုအပ်တာတွေကိုလဲ သက်ဆိုင်ရာဌာန အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ကူညီပေးခဲ့ပါတယ်။ ဒါကြောင့်လဲ အခုလို စပါးတွေကို အခက်အခဲမရှိပြန်လည် ရိတ်သိမ်းနိုင်တာ ဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် စပါးများကို လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ပေါင်းတည်မြို့နယ် နတ်ပုတီးကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပရိဘောဂသင်တန်းဆင်းပွဲပြုလုပ်

ပေါင်းတည် နိုဝင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ပုတီးကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပရိဘောဂသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက သင်တန်းမှ သင်ကြားပေးခဲ့သော အတတ်ပညာများကို အကျိုးရှိရှိ ပြန်လည်အသုံးချပြီး ဝင်ငွေများရှာဖွေနိုင်ရေး ကြိုးစားကြရန် မှာကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပရိဘောဂသင်တန်းကို ပေါင်းတည်မြို့နယ် နတ်ပုတီးကျေးရွာမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာက စာတွေ့၊ လက်တွေ့ဖြင့် အောက်တိုဘာ ၁၆ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ပြောပြ၍ သိရသည်။

သန္တာ

မြန်မာရွှေပြည်

- တိုင်းပြည်နယ် ဖွဲ့စည်းထား
တိုင်းရင်းသားတို့ စုံညီစွာ၊
မြေပြန့်ရယ် တောင်ပေါ်မခွဲ
ယှဉ်တွဲမြန်မာ၊
ပြည်ထောင်စု အဓွန့်ရှည်ကြာ
တည်ဆောက်လာ မြန်မာအစွမ်း၊
ငြိမ်းချမ်းမည် တစ်ပြည်လုံး
ပြိုးရွှင်လန်းဆန်း။

- ရှင်သန်နေ မျိုးချစ်စိတ်
လှုပ်ရှိပ် ထိန်းသိမ်းမည်၊
နိုင်ငံမြေ ဥစ္စာဓန
ကြွယ်ဝရမည်၊
ပန်းတိုင်ထား ရှေ့သို့တည်
မြန်မာပြည် ဂုဏ်မည်ဦး၊
ဘိုးဘွားအမွေ လက်ဆင့်ကမ်း
ထမ်းရွက်သယ်ပိုး။

- ဘက်စုံသာ ကောင်းမွန်ရေး
စီမံမနှေး အကောင်ထည်ဖော်၊
ခေတ်မီရန် အထူးကြိုးစား
နိုးကြားလျက်ပျော်၊
ခမ်းနားသည့် ရွှေပြည်တော်
အကျိုးမျှော် ဥမကွဲ၊
ချစ်ကြည်စွာ နေထိုင်ကြမယ်
ရှုန်းကြအောင်ပွဲ။ ။

မောင်မျိုးချစ်(အညာမြေ)

သာစည်မြို့နယ် ကန်ရိုးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကွတ်ကျေးရွာအုပ်စု ကန်ရိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကန်ရိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကန်ရိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၁ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၉ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၄ ဒသမ ၄ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၆ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေကျပ် ၂၅ ဒသမ ၉ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း ထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

တောမီးလောင်မှု နောက်ဆက်တွဲကိစ္စများအတွက် စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ကို အင်ဒိုနီးရှားသမ္မတ တောင်းပန်



ဂျကာတာ နိုဝင်ဘာ ၁၆

အင်ဒိုနီးရှားနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် တောမီးလောင်မှုများ၏ နောက်ဆက်တွဲ အကျိုးဆက်မှန်သမျှအတွက် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုက အစိုးရအဖွဲ့၏ကိုယ်စား စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ကို နိုဝင်ဘာ ၁၅ ရက်တွင် တောင်းပန်စကား ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် အင်ဒိုနီးရှားအာဏာပိုင်များသည် တောမီးလောင်မှုများနှင့်ဆက်စပ်နေသည့် ကုမ္ပဏီများကိုလည်း ဆက်လက်အရေးယူမည်ဖြစ်ကြောင်း၊ တောမီးလောင်မှုများ တားဆီးရေးလုပ်ငန်းစဉ် ပိုမိုခိုင်မာ အားကောင်းရေးအတွက် အဖွဲ့အစည်းသစ်တစ်ရပ် ဖွဲ့စည်းရန်လည်း ပြင်ဆင်နေကြောင်း အင်ဒိုနီးရှားသမ္မတက ပြောကြားခဲ့သည်။

တောမီးလောင်မှု နောက်ဆက်တွဲ အကျိုးဆက်မှန်သမျှအတွက် စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ကို တောင်းပန်ကြောင်း ကြေညာချက်ကို အင်ဒိုနီးရှားသမ္မတရုံးက နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် လက်ရှိတွင် ၁၀ နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အပြင်းထန်ဆုံး တောမီးလောင်မှုနှင့် ရင်ဆိုင်နေရသည်။

အင်ဒိုနီးရှား တောမီးလောင်မှု ပေါ်ထွက်လာသည့် မီးခိုးမြူမှုန်များကို အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

အမေရိကန်၊ တရုတ်၊ ရုရှားခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ တရုတ်အစိုးရ အတည်ပြု







ပေကျင်း နိုဝင်ဘာ ၁၆

အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးညီလာခံ ကာလအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ရုရှားသမ္မတ ပူတင်တို့ တွေ့ဆုံဆွေးနွေးမည့်အစီအစဉ်ကို တရုတ်နိုင်ငံက ယနေ့တွင် အတည်ပြုခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲသည် အမေရိကန်၊ တရုတ်၊ ရုရှားခေါင်းဆောင်များ၏ ပထမဆုံး သုံးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ရုရှားသမ္မတ ပူတင်တို့၏ သုံးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲကို အေပက် ထိပ်သီးညီလာခံကာလ နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၆ ခုနှစ် အေပက်ထိပ်သီးညီလာခံကို တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ရှန်ကျန်းမြို့၌ နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါသုံးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည့်အစီအစဉ်ကို အမေရိကန်နှင့် ရုရှားအစိုးရတို့က အတည်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

လုပ်ကြံခံရသည့် ဟေတီသမ္မတ၏ ဇနီးဖြစ်သူ မာတင်မိုင်စီ လာမည့်နှစ် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်

ပေါ်တိုပရင့်စ် နိုဝင်ဘာ ၁၆

၂၀၂၁ ခုနှစ်တွင် လုပ်ကြံခံရသော ဟေတီသမ္မတ ယိုဗင်နယ်လ် မိုင်စီ၏ ဇနီးဖြစ်သူ မာတင်မိုင်စီသည် ဟေတီသမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟေတီနိုင်ငံသည် ၁၀ နှစ်တာ ကာလအတွင်း ပထမဆုံးသမ္မတရွေးကောက်ပွဲကို လာမည့်နှစ်ဇူလိုင်လတွင်ကျင်းပရန် စီစဉ်ထားသည်။

အဆိုပါ သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရေးအတွက် ၂၀၂၁ ခုနှစ်တွင် လုပ်ကြံခံရသော ဟေတီသမ္မတ ယိုဗင်နယ်လ်မိုင်စီ၏ဇနီး မာတင်မိုင်စီက အမည်စာရင်း ပေးသွင်းထားကြောင်း ဟေတီ ရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ထားသည်။

လာမည့် ၂၀၂၇ ခုနှစ် ဟေတီသမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရေးအတွက် သမ္မတလောင်း ၃၃ ဦး အမည်စာရင်း ပေးသွင်းထားရာ ထိုသမ္မတလောင်းများထဲတွင် မာတင်မိုင်စီအပါအဝင် အမျိုးသမီးသမ္မတလောင်း သုံးဦးထိ ပါဝင်ကြောင်း သိရသည်။

ဟေတီနိုင်ငံ၌ နောက်ဆုံးကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲမှာ ၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲဖြစ်သည်။

ထိုရွေးကောက်ပွဲ နောက်ပိုင်း ဟေတီ ခေါင်းဆောင်များသည် ဩဇာကြီးမားသော လက်နက်ကိုင်ဂိုဏ်းအဖွဲ့များ၏ ပဋိပက္ခကြောင့် သမ္မတရွေးကောက်ပွဲ ကျင်းပရေး အစီအစဉ်များကို အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၁၅၀၀ ခန့် စပိန်နိုင်ငံ ကနေရီကျွန်းစုသို့ တစ်ရက်တည်းဖြင့် ရောက်ရှိလာ

မက်ဒရစ် နိုဝင်ဘာ ၁၆

စပိန်နိုင်ငံ ကနေရီကျွန်းစုသို့ နိုဝင်ဘာ ၁၄ ရက်တွင် ရွှေ့ပြောင်းဝင်ရောက်သူဦးရေ ၁၅၀၀ ခန့် တစ်ရက်တည်းဖြင့် ရောက်ရှိလာကြောင်း စပိန်မီဒီယာများက နိုဝင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ရွှေ့ပြောင်းဝင်ရောက်သူ အရေအတွက်မှာ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ကနေရီကျွန်းစုသို့ တစ်ရက်တာကာလအတွင်းအများဆုံး ရောက်ရှိလာသည့် အရေအတွက်ဖြစ်ကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားထားသည်။

စပိန်မီဒီယာများ၏ အဆိုအရ နိုဝင်ဘာ ၁၄ ရက် တစ်ရက်တည်းတွင် စပိန်ကမ်းခြေဒေသတပ်က ရေယာဉ် ၁၄ စီးဖြင့် လိုက်ပါလာသည့် ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၁၄၈၈ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် အောက်တိုဘာလ နောက်ပိုင်းမှစ၍ ကနေရီကျွန်းစုသို့ အနောက် အာဖရိကနိုင်ငံများမှ ရောက်ရှိလာသော ရွှေ့ပြောင်းဝင်ရောက်သူအရေအတွက် တစ်ဖြည်းဖြည်း မြင့်တက်လာကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားထားသည်။

အနောက်အာဖရိကမှ ကနေရီကျွန်းစုသို့ လာရောက်ရာတွင် အသုံးပြုသည့် အတ္တလန္တိတ် ရေလမ်းကြောင်းသည် ကမ္ဘာပေါ်၌ ရွှေ့ပြောင်းဝင်ရောက်သူသေဆုံးမှုနှုန်း အများဆုံးလမ်းကြောင်းထဲတွင်ပါဝင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ဟော်မုဇ်ရေလက်ကြား၌ ရေမြုပ်မိုင်းထိမှန်ခဲ့သော စူပါတန်ကာ ရေနံတင်သင်္ဘော်တစ်စီး နစ်မြုပ်



တီဟီရန် နိုဝင်ဘာ ၁၆

ဟော်မုဇ် ရေလက်ကြား၌ ရေမြုပ်မိုင်း ထိမှန်ခဲ့ပြီးနောက် မီးလောင်မှုဖြစ်ပွားခဲ့သော စူပါတန်ကာ ရေနံတင်သင်္ဘောတစ်စီးမှာ နစ်မြုပ်သွားပြီဖြစ်ကြောင်း အီရန် တော်လှန်ရေးအစောင့်တပ်က နိုဝင်ဘာ ၁၅ ရက်က သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နစ်မြုပ်ခဲ့သော စူပါတန်ကာ ရေနံတင်သင်္ဘောမှာ ရေနံစိမ်းစည်ပေါင်းနှစ်သန်းထိ သယ်ဆောင်ထားကြောင်း အီရန်တော်လှန်ရေး အစောင့်တပ် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ရေနံတင်သင်္ဘောသည် ဟော်မုဇ်ရေလက်ကြား ဖြတ်သန်း နေချိန်တွင် ရေမြုပ်မိုင်းထိမှန်ခဲ့သော စူပါတန်ကာ ရေနံတင်သင်္ဘောနှစ်စီးအနက် တစ်စီးဖြစ်ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်၏ အဆိုအရ သိရသည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်စစ်ရေးပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အီရန်နိုင်ငံသည် မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ပိတ်ဆို့ကန့်သတ်ခဲ့ပြီး အီရန်အစိုးရက ဖြတ်သန်းခွင့်ပြုထားသော ရေလမ်းကြောင်းများကိုသာ အသုံးပြုရန် ရေယာဉ်များကို တောင်းဆိုထားသည်။


ထို့ပြင် အီရန်နိုင်ငံသည် ၎င်း၏ခွင့်ပြုချက်မရှိဘဲ ဟော်မုဇ်ရေလက်ကြားဖြတ်သန်းသည့်ရေယာဉ်များကိုလည်း တိုက်ခိုက်ခဲ့သည်။

အီရန်၏ အဆိုပါလုပ်ရပ်များကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နိုင်ငံကလည်း အီရန်ဆိပ်ကမ်းများကို ရေတပ်အင်အားဖြင့် ပိတ်ဆို့ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

ဥရောပအာကာသအေဂျင်စီ ဟီရာအာကာသယာဉ်က ဒီးဒီးမော့စ်နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်ကို အနီးကပ်စတင်လေ့လာနေပြီဖြစ်



ပဲရစ် နိုဝင်ဘာ ၁၆

ဥရောပ အာကာသအေဂျင်စီ ဟီရာ အာကာသယာဉ်သည် ဒီးဒီးမော့စ်နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်ကို အနီးကပ် စတင်လေ့လာနေပြီဖြစ်ကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဒီးဒီးမော့စ် ဂြိုဟ်သိမ်စနစ်သည် ဒီးဒီးမော့စ်ဂြိုဟ်သိမ်နှင့် အရွယ်အစား ပိုသေးငယ်သည့် ဒီမောဖော့စ် ဂြိုဟ်သိမ်တို့ဖြင့် ဖွဲ့စည်းထားသည့် နှစ်စင်းတွဲ ဂြိုဟ်သိမ်စနစ်ဖြစ်သည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သည် ဂြိုဟ်သိမ်လမ်းကြောင်း ပြောင်းလဲမှု နည်းပညာစမ်းသပ် ရေးအစီအစဉ်အရ ဒီမောဖော့စ် ဂြိုဟ်သိမ်ကို ၂၀၂၂ ခုနှစ်တွင် DART အာကာသယာဉ်ဖြင့် ဝင်တိုက်ခဲ့သည်။

DART အာကာသယာဉ်ဖြင့် ဝင်တိုက်ခဲ့ပြီးနောက် ဒီးဒီးမော့စ် ဂြိုဟ်သိမ်ကို လှည့်ပတ်နေသည့် ဒီမောဖော့စ်ဂြိုဟ်သိမ်၏ပတ်လမ်းကြာချိန်မှာ တိုတောင်းသွားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဟီရာ အာကာသယာဉ်သည် ဒီးဒီးမော့စ်နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်ကို ကီလိုမီတာ ၃၀ အကွာမှတစ်ဆင့် အနီးကပ် ပျံသန်းလေ့လာနေပြီဖြစ်သည်ဟု ဥရောပအာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဥရောပအာကာသ အေဂျင်စီသည် ဒီးဒီးမော့စ်နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်ကို လေ့လာရေးအတွက် ဟီရာအာကာသယာဉ်ကို ၂၀၂၄ ခုနှစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

စပေ့အိတ်ကုမ္ပဏီက Starship-15 မစ်ရှင်ကို စတားဘေ့စ်အာကာသစခန်းမှတစ်ဆင့် အောင်မြင်စွာလွှတ်တင်ခဲ့

ဝါရှင်တန် နိုဝင်ဘာ ၁၆

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Starship-15 မစ်ရှင်ကို ဆောက်သိမ်းတက္ကဆက်ဒေသ စတားဘေ့စ် အာကာသစခန်းမှ တစ်ဆင့် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် မူလက Starship-15 ဒုံးပျံယာဉ်၏ ပင်မဒုံးယာဉ်ဖြစ်သော စူပါဟဲဗီး ဒုံးပျံယာဉ်ကို ပစ်စင်္ဘတပ်ဆင်ထားသည့် စက်ရုပ်လက်တံများဖြင့် ပြန်လည်ဖမ်းယူရန် စီစဉ်ထားသော်လည်း နောက်ပိုင်းတွင် ၎င်း အစီအစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

လွှတ်တင်ပြီး ၆ ဒသမ ၅ မိနစ် အကြာတွင် စူပါဟဲဗီးဒုံးပျံသည် မကွာဆီကို ပင်လယ်ကွေ့ရေပြင် အတွင်းသို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း စပေ့အိတ်ကုမ္ပဏီက ကြေညာချက်ထုတ်ပြန်ထားသည်။



Starship-15 ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်ဖြစ်သော Starship ဒုံးယာဉ်မှာ ကမ္ဘာပတ်လမ်းပေါ်ရောက်ရှိခဲ့ပြီးနောက် ၂၄ နာရီခန့်အကြာတွင် စတားဘေ့စ် အာကာသစခန်းသို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

Starship ဒုံးပျံသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုနှစ်စင်းကို သယ်ဆောင်သွားရာ လွှတ်တင်ပြီး ၄၂ မိနစ်အကြာတွင် ၎င်းဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

Amazon ကုမ္ပဏီ၏ လီယိုအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ ဇော်လ်ကန်ဒုံးပျံဖြင့် လွှတ်တင်မည့်အစီအစဉ်ကို ဆိုင်းငံ့ထား

ဝါရှင်တန် နိုဝင်ဘာ ၁၆

အမေရိကန်နိုင်ငံ အခြေစိုက် United Launch Alliance (ULA) ကုမ္ပဏီသည် Amazon ကုမ္ပဏီ၏ လီယို အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ ဇော်လ်ကန်ဒုံးပျံဖြင့် လွှတ်တင်မည့်အစီအစဉ်ကိုဆိုင်းငံ့ထားသည်ဟု နိုဝင်ဘာ ၁၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

မူလက United Launch Alliance (ULA)ကုမ္ပဏီသည် လီယို အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို နိုဝင်ဘာ ၁၄ ရက်တွင် ဇော်လ်ကန်ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် ဒုံးပျံတို့ကြား ဆက်သွယ်ရေးကွန်ရက်ပြဿနာတစ်ရပ်ကြောင့် အထက်ပါလွှတ်တင်ရေး အစီအစဉ်ကို ဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်ဇော်လ်ကန်ဒုံးပျံကို လွှတ်တင်ရေးအတွက် ထပ်မံကျင်းပမည့်အချိန်ကို ULA ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ULA ကုမ္ပဏီသည် လီယိုအင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုများ သယ်ဆောင်ထားသော ဇော်လ်ကန်ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ လီယိုဂြိုဟ်တုမစ်ရှင်သည် ဇော်လ်ကန်ဒုံးပျံများ၏ ပဉ္စမမြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း ULA ကုမ္ပဏီ၏ အဆိုအရ သိရသည်။

Ref : Xinhua News

Trs : KKO

နေအိမ်၌ လေသန့်စင်စက်အသုံးပြုခြင်းဖြင့် သွေးတွင်းသကြားဓာတ်ပါဝင်မှုကို ထိန်းညှိပေးနိုင်

နယူးယောက် နိုဝင်ဘာ ၁၆

နေအိမ်၌ လေသန့်စင်စက် အသုံးပြုခြင်းဖြင့် သွေးတွင်းသကြားဓာတ်ပါဝင်မှုကို ထိန်းညှိပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၅ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လေသန့်စင်စက်ကို နေအိမ်အတွင်း တစ်လတာမျှ အသုံးပြုပါက သွေးတွင်း သကြားဓာတ်ပါဝင်မှု မြင့်တက်လာမှု၊ ဆီးချိုရောဂါဖြစ်ပွားနိုင်မှုတို့နှင့် ဆက်စပ်နေသော လေထုညစ်ညမ်းမှုအဆင့်ကို ၃၆ ရာခိုင်နှုန်း လျော့ချပေးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဆီးချိုရောဂါမဖြစ်သေးသော်လည်း သွေးတွင်း သကြားဓာတ်ပါဝင်မှုနှုန်း ပုံမှန်ထက်မြင့်မားမှုပြဿနာရှိသူ လူပေါင်း ၇၅ ဦးတို့ကို လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ လေသန့်စင်စက်ကို အခန်းထဲထည့်၍ အိပ်စက်သူများတွင် သွေးတွင်းသကြားဓာတ် နေ့စဉ်မြင့်တက်မှုနှုန်းကို ရှစ်ရာခိုင်နှုန်းထိ လျော့ချနိုင်သည်ကိုတွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

သွေးလည်ပတ်မှုစနစ်အတွင်း သို့ လေထုလွှာညစ်ညမ်းမှုနှုန်းများ ဝင်ရောက်နိုင်ပြီး ဆီးချိုရောဂါကို ဖြစ်ပွားစေတတ်သည့် ရောင်ရမ်းမှု ပြဿနာပေါ်ထွက်လာနိုင်ပြီးနှလုံးရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Russia Today

Trs : KKO

အိုမီဂါ-၃ ဖက်တီးအက်စစ် ဖြည့်စွက်ဆေးများက သွေးဖိအားမြင့်တက်မှုကို လျော့ချနိုင်

ဗျူနို့စ်အေရိစ် နိုဝင်ဘာ ၁၆

အိုမီဂါ-၃ ဖက်တီးအက်စစ် ဖြည့်စွက်ဆေးများသည် ရောင်ရမ်းမှုနှင့် သွေးဖိအားမြင့်တက်မှုကို လျော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ နိုဝင်ဘာ ၁၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အာဂျင်တီးနား သုတေသနပညာရှင်များသည် သွေးတိုးရောဂါနှင့် သွေးအတွင်း ကိုလက်စထရောပါဝင်မှုမြင့်မားသော အသက် ၂၁ နှစ်နှင့် ၇၁ နှစ်ကြား အမျိုးသားနှင့် အမျိုးသမီးများကို အိုမီဂါ-၃ ဖက်တီးအက်စစ် ၁၀၀၀ မီလီဂရမ်ကို တစ်ရက်လျှင် နှစ်ကြိမ်တိုက်ကျွေးစမ်းသပ်ခဲ့သည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသော ရလဒ်များအရ စမ်းသပ်မှုကာလ သုံးလအကြာတွင် လူနာများ၏ နေ့ပိုင်းကာလ အပေါ်သွေးမှာ ၆ ဒသမ ၅ မီလီမီတာမာကျူရီ လျော့ကျသွားပြီး ညပိုင်းကာလ အပေါ်သွေးမှာ ၅ မီလီမီတာ မာကျူရီထိ လျော့ကျသွားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နှိုင်းယှဉ်ကြည့်ပါက စတာတင် (Statin) ဆေးသောက်သုံးသူလူနာများ၏ အပေါ်သွေးမှာ သုံးလတာကာလအတွင်း ခြောက်မီလီမီတာ မာကျူရီထိ လျော့ကျသွားတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် အိုမီဂါ-၃ ဖက်တီးအက်စစ်သည် သွေးအတွင်း ကိုလက်စထရောပါဝင်မှု အဆင့် အပေါ် အကျိုးသက်ရောက်မှု မရှိသည်ကိုတွေ့ရကြောင်း၊ သွေးကြောများကို ဖြေလျှော့ကျယ်ပြန့်စေခြင်းဖြင့် သွေးဖိအားနှင့် ရောင်ရမ်းမှုတို့ကို လျော့ချပေးနိုင်ကြောင်း အာဂျင်တီးနား သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ဦးရေ ၂၀၀ တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးရဲရင့်စိုးညွှန့်၏ **သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဘုန်းတော်ကြီးသင်ပညာရေး(ဘက)ကျောင်းများ ရေရှည်တည်တံ့စေရန်နှင့် သင်ကြားရေးစွမ်းရည်မြင့်မားလာစေရန် အတွက် လစဉ် ဆရာ၊ ဆရာမ ထောက်ပံ့ငွေများကို လက်ရှိပညာရေးဝန်ထမ်း ကျောင်းဆရာ၊ ဆရာမများ၏ လစာနှုန်းနှင့်ကိုက်ညီအောင် တိုးမြှင့်ပေးရန်အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း**၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ၁၉၉၃ ခုနှစ်တွင် စတင်ဖွင့်လှစ်၍ စေတနာ့ဝန်ထမ်းအဖြစ်သာ လုပ်ဆောင်ခဲ့ပြီး ဆရာ၊ ဆရာမများကို ထောက်ပံ့မှုမပြုခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်မှစ၍ သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဆရာ၊ ဆရာမများကို ထောက်ပံ့မှုဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေအဖြစ် နိုင်ငံတော်က ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၅၀၆၇ သန်းခွင့်ပြုခဲ့ပြီး ဧပြီလမှ နိုဝင်ဘာလထိ ဆရာ၊ ဆရာမများအတွက် စုစုပေါင်းငွေကျပ် ၃၂၉၂ ဒသမ ၄၅၈ သန်းထောက်ပံ့ခဲ့ပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင်ရှိသည့် ဆရာ၊ ဆရာမများကို သာသနာရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုအပြင် သက်ဆိုင်ရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအလိုက် ကျောင်းအုပ်ဆရာတော်များ၊ သီလရှင်ဆရာကြီးများ၏အစီအစဉ်ဖြင့် ထပ်ဆောင်းချီးမြှင့်ထောက်ပံ့မှုများရှိပါကြောင်း။

သို့ပါ၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာ၊ ဆရာမများ၏လစဉ်ထောက်ပံ့ကြေးကို ၂၀၂၁ ခုနှစ်တွင် တတိယအကြိမ် တိုးမြှင့်ပေးထားခြင်း၊ သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းအုပ်ဆရာတော်များ၊ သီလရှင်ဆရာကြီးများက ထပ်ဆောင်းထောက်ပံ့ပေးမှုများရှိနေခြင်းတို့ကြောင့် လစဉ်ထောက်ပံ့ကြေးတိုးမြှင့်မှုကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဦးကျော်တင့်၏ **မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနယ်ရေနီသစ်တောကြိုးဝိုင်းအတွင်းတွင် နောင်ဘိုကျေးရွာအုပ်စု၊ ကြောင်ရေကျေးရွာအုပ်စု၊ ပြောင်ခေါင်းကြီးကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာအုပ်စု လေးခုနှင့် ကျေးရွာပေါင်း ၁၂ ရွာမှ တောင်သူဦးရေ ၃၅၀ ကျော်တို့ စိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များကို နိုင်ငံတော်က ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် ဆောင်ရွက်မပေးနိုင်ပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း**၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ဝေးမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု လေးအုပ်စုနှင့် ကျေးရွာ ၁၂ ရွာမှ တောင်သူဦးရေ ၃၅၀ ကျော်တို့ စိုက်ပျိုးလုပ်ကိုင်နေသော စိုက်ပျိုးမြေများတည်ရှိသည့် မြေနေရာများသည် ရေနီသစ်တောကြိုးဝိုင်းမြေအတွင်း ကျရောက်နေပြီး အဆိုပါမြေနေရာများအပါအဝင် မြေဧရိယာ ၅၄၉၅ ဒသမ ၈၃ ဧကထဲတွင် ဒေသခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသည့် မြေဧရိယာ ၁၆၂၈ ဒသမ ၉၇ ဧကရှိပြီး တင်ပြမြေများနှင့်ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ–၇)ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် သဘာဝကျောက်မှန့်အခြေခံ ကာဗွန်နက်ဂတစ်ဂျီအို–မြေဩဇာအကြီးစားထုတ်လုပ်နိုင်ရန် အမျိုးသားအဆင့် မဟာဗျူဟာမြောက်စီမံကိန်းအဖြစ် နိုင်ငံတော်က ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်**စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက သဘာဝကျောက်မှန့်အခြေခံ ကာဗွန်နက်ဂတစ်ဂျီအို–မြေဩဇာအဖြစ် ဗဆော့(Basalt)ကဲ့သို့ မီးတောင်ကျောက်များကို အခြေခံ၍ ထုတ်လုပ်သုံးစွဲရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်း၊ ပုဂ္ဂလိကကုမ္ပဏီများက စီးပွားဖြစ်ထုတ်လုပ်မည်ဆိုပါက ဝန်ကြီးဌာနအနေဖြင့် မြေဩဇာ ထုတ်လုပ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခြင်း၊ ကာဗွန်နက်ဂတစ်ဂျီအိုမြေဩဇာ ထိရောက်အကျိုးရှိစွာသုံးစွဲရေး နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

သဘာဝကျောက်မှန့်အခြေခံ ကာဗွန်နက်ဂတစ်ဂျီအိုမြေဩဇာ အကြီးစားထုတ်လုပ်နိုင်ရန်အတွက် ဆောင်ရွက်မည့်စီမံကိန်းသည် အမျိုးသားအဆင့် မဟာဗျူဟာမြောက်စီမံကိန်းဖြစ်ပြီး နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည်ဆိုပါက ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် သက်ဆိုင်ရာ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လျာထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သဘာဝကျောက်မှန့်အခြေခံ ကာဗွန်နက်ဂတစ်ဂျီအိုမြေဩဇာ အကြီးစားထုတ်လုပ်ခြင်းသည် စိုက်ပျိုးရေးကဏ္ဍာမြှင့်တင်ရေးနှင့် အစိမ်းရောင်စီးပွားရေး (Green Economy) ဖော်ဆောင်မှုတို့ကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ မူဝါဒ၊ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း။

သဘာဝကျောက်မှန့်အခြေခံ ကာဗွန်နက်ဂတစ်ဂျီအိုမြေဩဇာကို အကြီးစား(Large–Scale) ထုတ်လုပ်နိုင်ရန် ကုန်ကြမ်းနှင့် ဘူမိဗေဒဆိုင်ရာလိုအပ်ချက်များ၊ နည်းပညာနှင့် ထုတ်လုပ်မှုအခြေခံအဆောက်အအုံ၊ ကာဗွန်စုပ်ယူမှုစိစစ်အတည်ပြုခြင်းစနစ်၊ စံချိန်စံညွှန်းအသိအမှတ်ပြုလက်မှတ်၊ စိုက်ပျိုးရေးဆိုင်ရာ စမ်းသပ်မှု၊ ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှု စသည့် အချက် ခြောက်ချက်အပေါ်အခြေခံပြီး စနစ်တကျပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်၍ ကနဦးစမ်းသပ်စီမံကိန်းများ (Pilot Projects)ဖြင့် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားခြင်းက ပိုမိုသင့်လျော်မှုရှိပါကြောင်း၊ သဘာဝကျောက်မှန့်အခြေခံ ကာဗွန်နက်ဂတစ်ဂျီအိုမြေဩဇာကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ဓာတ်မြေဩဇာတင်သွင်းမှုကို လျော့ချနိုင်မည့်အပြင် နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်းမည်ဖြစ်ပါကြောင်း၊ မြေဆီလွှာပြန်လည်ကောင်းမွန်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးအတွက် မဟာဗျူဟာမြောက် နည်းလမ်းတစ်ခုဖြစ်သော်လည်း ကနဦးရင်းနှီးမြှုပ်နှံမှု စရိတ်ကြီးမားခြင်းနှင့် တောင်သူများ၏ လက်ခံသုံးစွဲမှု အချိန်ယူရခြင်း စသည့်အကန့်အသတ်များရှိနေသည့်အတွက် စိစစ်ဆောင်ရွက်သွားရမည့်လုပ်ငန်းဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဦးမျိုးသန့်၏ **မြေယာဥပဒေကို ကိုင်တွယ်ကျင့်သုံးဆောင်ရွက်သူ ပြည်သူ့ဝန်ဆောင်မြေယာကော်မတီအသီးသီး၏ ဆောင်ရွက်ချက်များကို မည်သို့ကြီးကြပ်ထိန်းကျောင်းလျက်ရှိသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ကိုယ်စားလှယ် မေးမြန်းထားသည့် မြေနေရာသည် ဧရာဝတီတိုင်းဒေသကြီး ဟသံတမြို့နယ် ခြင်ဘို့ကျေးရွာအုပ်စု ကွင်းအမှတ်(၁၃၇၂) ကွင်းအတွင်းဖြစ်ပြီး လွန်ခဲ့သော ၂၅ နှစ်ခန့်က ဧရာဝတီမြစ်ရေတိုက်စားခဲ့မှုကြောင့် ကမ်းပြိုသွားခဲ့သော မြေနေရာများဖြစ်ပါကြောင်း၊ ၂၀၁၅–၂၀၁၆ ခုနှစ်မှစ၍ နှစ်စဉ်တိုးလာ၍ ပြန်လည်ပေါ်ထွန်းခဲ့သော မြေနေရာဖြစ်ပါကြောင်း၊ အဆိုပါမြေနေရာများမှာ ဧရိယာသည် ဧက ၂၄၀ ခန့်ရှိပြီး လက်ရှိအချိန်တွင် ဧရာဝတီမြစ်ရေကျဆင်းသွားသော်လည်း တိုင်းတာစိစစ်နိုင်ခြင်း မရှိသေးသောကြောင့် ခွဲဝေချထားခြင်း မရှိသေးသောမြေနေရာများဖြစ်ပါကြောင်း။

တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေနေရာများကို ခွဲဝေချထားနိုင်ရန်အတွက် ခြင်ဘို့ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တန်းစီဧယားရေးဆွဲတင်ပြထားပြီး ဟသံတမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ဟသံတခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ အတည်ပြုချက်ရယူရန် ဆောင်ရွက်လျက်ရှိပြီး မြေနေကျွန်းမြေလုပ်ကိုင်ခွင့်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ တရားဝင်ချထားပေးခြင်း မရှိသေးပါကြောင်း။

အဆိုပါကွင်းအမှတ်(၁၃၇၂) ကွင်းအတွင်းရှိ ပေါ်ထွန်းလာသော မြေနေကျွန်းမြေ ဧက ၂၄၀ နှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေယာမဲ့တောင်သူများကို လုပ်ပိုင်ခွင့်ချထားနိုင်ရေးအတွက် တန်းစီဧယားရေးဆွဲခြင်းနှင့် မြေယာလုပ်ကိုင်ခွင့် ချထားခြင်းကိစ္စရပ်များကို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ကြီးကြပ်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ဟသံတမြို့နယ် ခြင်ဘို့ကျေးရွာအုပ်စု သဲရိုးရွာအနီးပေါ်ထွန်းသည့် မြေနေကျွန်းမြေနှင့် ပတ်သက်၍ အဆိုပါမြေနေကျွန်းမြေ ပြန်လည်ပေါ်ထွန်းလာပါက တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ခွဲဝေချထားနိုင်ရေး သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့အနေဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြေနေကျွန်းမြေလုပ်ကိုင်ခွင့်ချထားရာတွင် တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျူးလွန်မှုရှိပါကလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဒေါ်ဇင်ပပဦး၏ **အခြားနည်းသုံးစွဲခွင့်မရရှိသေးသည့် လယ်ယာမြေပေါ်တွင် ငါး၊ ပုစွန် မွေးမြူရေးကန်ပြုလုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်၍ တည်းခိုခန်း၊ KTV၊ အပန်းဖြေဥယျာဉ်နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်းများ ပြုလုပ်ခဲ့သည့်အပေါ် မည်ကဲ့သို့ကြီးကြပ်ကွပ်ကဲ၍ အရေးယူဆောင်ရွက်ထားခြင်းရှိ၊ မရှိသိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ၂၀၂၃ ခုနှစ် မတ် ၁၈ ရက်မတိုင်မီ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ငါး၊ ပုစွန် မွေးမြူရေးကန်ပြုလုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်၍ တည်းခိုခန်း၊ KTV၊ အပန်းဖြေဥယျာဉ်နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်းများအပါအဝင် အခြားနည်းကျူးလွန်အသုံးပြုမှုများကို ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် တွင် “လယ်ယာမြေကိုခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းအသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့်စံပြလုပ်ထုံးလုပ်နည်းများ (SOP)”ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး ၎င်းစံပြလုပ်ထုံးလုပ်နည်းများနှင့်အညီ လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းကျူးလွန်အသုံးပြုမှုများကို ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊

မူလလယ်ယာမြေပေါ်တွင် စပါးနှင့်ရာသီသီးနှံများ စိုက်ပျိုး၍မရသဖြင့် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်အသုံးပြုထားသည့် ငါးမွေးမြူရေးကန်များသည် ငါးများမွေးမြူလျက်ရှိ၍ ဒေသ၏စားရေရိက္ခာထုတ်လုပ်မှုကို ပံ့ပိုးပေးနိုင်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုသင့်ကြောင်းဆုံးဖြတ်ပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီစိစစ်ပြီး စံပြလုပ်ထုံးလုပ်နည်း (SOP)တွင်ပါရှိသော သတ်မှတ်ဒဏ်ကြေးအတိုင်းပေးဆောင်စေ၍ ငါးမွေးမြူရေးကန်မြေအဖြစ် အခြားနည်းခွင့်ပြုပေးလျက်ရှိပါကြောင်း၊ အခြားကျူးလွန်အသုံးပြုမှုများဖြစ်သော တည်းခိုခန်း၊ အပန်းဖြေဥယျာဉ်၊ **စာမျက်နှာ ၉ သို့**

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ[New Democracy Party (Kachin)] [N.D.P (Kachin)]ကို ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ(Kachin State New Democracy Party)အမည်သို့ ပြောင်းလဲခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၇၂ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ[New Democracy Party (Kachin)] [N.D.P(Kachin)]ကို ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ(Kachin State New Democracy Party) အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ်(၃)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ[New Democracy Party (Kachin)] [N.D.P (Kachin)]**သည် ယင်းပါတီ၏အမည်ကို **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)**အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီစိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ [New Democracy Party (Kachin)] [N.D.P (Kachin)]**ကို ၁၆-၁၁-၂၀၂၆ ရက်မှစ၍ **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာမျက်နှာ ၈ မှအဆက်

စားသောက်ဆိုင်၊ KTV အပါအဝင် နိုင်ငံစီးပွားရေးအတွက် အထောက်အကူပြုသော အခြားစီးပွားရေးလုပ်ငန်းများဖြစ်ပါက လယ်ယာမြေအဖြစ် ပြန်လည်စိုက်ပျိုးရန် မဖြစ်နိုင်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုသင့်ကြောင်း ဆုံးဖြတ်ခဲ့လျှင် စံပြလုပ်ထုံးလုပ်နည်း(SOP)တွင်ပါရှိသော သတ်မှတ်ဒဏ်ကြေး၏အမြင့်ဆုံးရာခိုင်နှုန်းဖြင့် သတ်မှတ်ပေးဆောင်စေပြီးမှ အခြားနည်းခွင့်ပြုပေးလျက်ရှိပါကြောင်း။

သို့ပါ၍ အခြားနည်းသုံးစွဲခွင့်မရရှိသေးသည့် လယ်ယာမြေပေါ်တွင် ငါး၊ ပုစွန်မွေးမြူရေးကန်ပြုလုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်၍ တည်းခိုခန်း၊ KTV၊ အပန်းဖြေဥယျာဉ်နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်းပြုလုပ်ခဲ့ပါက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေမပြဋ္ဌာန်းမီ ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်မတိုင်မီကာလနှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပြဋ္ဌာန်းပြီးနောက် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စံပြလုပ်ထုံးလုပ်နည်းရေးဆွဲရန် အမိန့်ထုတ်ပြန်သည့် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်ထိကာလများအတွင်း လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ ကျူးလွန်အသုံးပြုမှုများနှင့်စပ်လျဉ်း၍ ယခင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စံပြလုပ်ထုံးလုပ်နည်းများ (SOP)နှင့်အညီ စီစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စံပြလုပ်ထုံးလုပ်နည်းရေးဆွဲရန် ထုတ်ပြန်သည့် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်နောက်ပိုင်းကာလအတွင်း လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ ကျူးလွန်အသုံးပြုမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် စံပြလုပ်ထုံးလုပ်နည်း(SOP)များနှင့်အညီ ကြီးကြပ်ကွပ်ကဲအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး အင်္ဂမော်ကျေးရွာအုပ်စု ကလင်ဘန်းကျေးရွာ ဘိုတောင်ရပ်ရှိ ရွာပတ်လမ်းအကျယ်ပေ ၃၀၊ အလျားပေ ၂၃၀၀၊ မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာ ဘုတ်ချောင်းရပ်ရှိ အကျယ်ပေ ၂၀၊ အလျားပေ ၁၂၀၀ ရှိ ပုလဲလမ်းနှင့် အကျယ်ပေ ၂၀၊ အလျားပေ ၁၅၀၀ ရှိ ပုလဲ(၃)လမ်းတို့ကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြိတ်မြို့နယ် ကလင်ဘန်းကျေးရွာသည် မြိတ်မြို့မှ ၁၇ မိုင်အကွာတွင်တည်ရှိပြီး ရွာပတ်လမ်းအရှည်ပေ ၁၇၀၀ ရှိပါကြောင်း၊ အရှည်ပေ ၁၂၅၀ သည် အကျယ် ငါးပေမှ ၁၈ ပေခန့်ထိ မြေသားလမ်းပြီး အရှည်ပေ ၄၅၀ သည် လယ်မြေဖြစ်၍ လူသွားလမ်းမျှသာဖြစ်ပါကြောင်း။

လယ်မြေအပိုင်း ပေ ၄၅၀ တွင် ပျမ်းမျှအမြင့် သုံးပေခန့်ဖြင့် မြေသားတာပေါင်တင်ခြင်း၊ Box Culvert တစ်စင်းနှင့် Pipe Culvert တစ်စင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၌ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင်လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပုလဲလမ်းနှင့် ပုလဲ (၃)လမ်းတို့ကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီး ရန်ပုံငွေ အမျိုးသားစီမံကိန်းစာရင်းတွင် လျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု တောင်ကြီးကျေးရွာရှိ ရွာတွင်းလမ်း အလျားပေ ၇၅၀၀၊ အကျယ်ပေ ၂၀ ရှိသော ကျောက်ခင်းလမ်းပိုင်းနှင့် မြေသားလမ်းပိုင်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက အင်္ဂမော်ကျေးရွာအုပ်စုတောင်ကြီးကျေးရွာသည် မြိတ်မြို့မှ မိုင် ၂၀ အကွာတွင်တည်ရှိပြီး တောင်ကြီးကျေးရွာ ရွာတွင်းလမ်းသည် ကန်သာယာ-တောင်ကြီး ရွာချင်းဆက်လမ်းနှင့် ချိတ်ဆက်လျက်ရှိပါကြောင်း၊ လမ်းပိုင်း(၁) စာသင်ကျောင်းလမ်းသည် အရှည်ပေ ၄၉၀၀ အမာခံမြေသားလမ်းဖြစ်ပြီး မြေသားတာပေါင်တင်၍ လမ်းချဲ့ခြင်းနှင့် Pipe Culvert ကိုးစင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လမ်းပိုင်း(၂) ဘုန်းတော်ကြီးကျောင်းလမ်းသည် အရှည်ပေ ၁၈၀၀ အမာခံမြေသားလမ်းဖြစ်ပြီး Pipe Culvert သုံးစင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၌ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးဉာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကံမော်ကျေးရွာတွင် ဒေသခံပြည်သူများ လိုအပ်လျက်ရှိသော အရှည် ခြောက်ဖာလုံရှိ ကုန်ထုတ်လမ်းကို မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ၂၄ ပေx ၅ ပေx ၅ ပေရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းတို့ကို ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကျွန်းစုမြို့နယ် ကံမော်ကျေးရွာ ကုန်ထုတ်လမ်းသည် အရှည်ပေ ၃၉၆၀ ရှိ မြေသားလမ်းဖြစ်ပြီး Box Culvert နှစ်စင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လမ်းအကျယ် ခြောက်ပေမှ ၁၂ ပေခန့်ထိ ရှိပြီး လိုအပ်သောလမ်းအကျယ်ရရှိရန် ညှိနှိုင်းပြီးဖြစ်သည့်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၌ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်ထုတ်လမ်း ပေ ၃၉၆၀ နှင့် Box Culvert နှစ်စင်း ဆောင်ရွက်ရန် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကုန်ထုတ်လမ်းကို မြေသား နှစ်ပေ၃၊ ချင်း၊ ဂဝ ကိုးလက်မခင်းခြင်း၊ ကျောက်ရောမြေအဆင့်သာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးကျော်စိန်လှ၏ **ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်သည့် စစ်တွေမြို့ ကမ်းခြေပတ်လမ်းကို ရေရှည်ခံနိုင်မည့်အစီအမံများဖြင့် စဉ်ဆက်မပြတ် နှစ်စဉ် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက စစ်တွေမြို့ ကမ်းခြေပတ်လမ်းပွိုင့်မှ စစ်တွေဟိုတယ်ရှေ့ ကွန်ကရစ်တံတားငယ်ထိ ၇ ဒသမ ၈ ဖာလုံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ စစ်တွေဟိုတယ်ရှေ့ ကွန်ကရစ်တံတားအဆုံးမှ ပလွင်ပြင်ကျေးရွာထိ လမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်နယ်က စီမံခန့်ခွဲသော Class A အဆင့်လမ်းဖြစ်ပါကြောင်း၊ လမ်းအရှည် ၁၁ မိုင်ရှိပြီး ခြောက်ဖာလုံသည် ကျောက်လမ်း၊ ၁၀ မိုင် ၂ ဖာလုံသည် မြေသားလမ်းဖြစ်ပါကြောင်း။

ကွန်ကရစ်တံတားငယ်အဆုံးမှစ၍ ကျောက်လမ်း ၂ ဒသမ ၈၇ ဖာလုံ၊ ကျောက်စီမြေထိန်းနံရံ (ကမ်းခြေဘက်ခြမ်း) ပေ ၃၀၀ နှင့် (ကုန်းတွင်းဘက်ခြမ်း) ပေ ၂၀၀ တို့ကို ဆောင်ရွက်ပေးရန် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်၌ ပြည်နယ်ငွေလုံးငွေရင်း၏ ရန်ပုံငွေတွင် လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ နိုဝင်ဘာ ၁၆ ရက်ထိ အစည်းအဝေးကျင်းပရက် ၁၈ ရက် ကျင်းပခဲ့ပြီး လွှတ်တော်၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးကဏ္ဍတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကိုရှေးရှုပြီး ဥပဒေကြမ်းစုစုပေါင်း လေးခုကို ဆွေးနွေးစိစစ်အတည်ပြုနိုင်ခဲ့ပါကြောင်း။

နည်းဥပဒေပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထ အကြိမ်ပြင်ဆင်သည့် နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာခြင်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းအတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါကြောင်း။

မေးခွန်းများ၊ အဆိုများနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၁၁၇ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၄၀ တို့ကို မေးမြန်းခဲ့ပါကြောင်း၊ ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက လာရောက်ဖြေကြားခဲ့ပြီး ကြယ်ပွင့်မပြမေးခွန်းများကို စာဖြင့်ဖြေကြားပေးခဲ့ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အဆိုများနှင့်ပတ်သက်ပြီး ဆောင်ရွက်ချက်အနေဖြင့် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သော အဆိုတစ်ခုနှင့် တတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သောအဆို နှစ်ခု စုစုပေါင်း သုံးခုကို တင်သွင်းဆွေးနွေးအတည်ပြုနိုင်ခဲ့ပါကြောင်း။

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကာလအတွင်း နိုင်ငံတကာနှင့် ဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးကို ရှေးရှု၍ အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန် လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ခြောက်သင်းကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

ထို့ပြင် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက လှူဒါန်းခြင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အခြားဆောင်ရွက်ချက်အနေဖြင့် အမျိုးသားလွှတ်တော် နံရံကပ်စာစောင်ကိုလည်း အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်တာကာလအတွင်းအချိန်ကို အကျိုးရှိရှိအသုံးချပြီး အပြုသဘောဆောင်သည့် ဆွေးနွေးအကြံပြုချက်များပေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း၊ ရှေ့ဆက်လက်ပြီး ဥပဒေပြုရေးနှင့် လွှတ်တော်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် တိုက်တွန်းလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသားစားသုံးမှုဖူလုံရေး နွားနောက်မွေးမြူရေးတိုးချဲ့ဆောင်ရွက်ပေး

စံမြတ်ဘုန်း(စစ်ကိုင်း)



ချင်းပြည်နယ်၌ နွားနောက်မွေးမြူထားမှုကို တွေ့ရစဉ်။

လူတို့၏စားရေးအတွက် နေ့စဉ်ဘဝတွင် စားရေး၊ ဝတ်ရေး၊ နေရေးဟူ၍ရှိရာ မုန့်ပဲသရေစာ၊ ထမင်းဟင်းလျာကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်စီစဉ်ကြသည်။ စားရေးအတွက် အစားအစာကို စိုက်ပျိုးရေးလုပ်ငန်းများမှ ဆန်၊ ဆီ၊ ပဲ၊ ပြောင်း စသည်တို့ ရရှိနိုင်သည်။ မွေးမြူရေးလုပ်ငန်းများမှ အသားနှင့် နို့များ ထုတ်လုပ်ရရှိသည်။ ပြည်သူများ၏ စားရေရိက္ခာဖူလုံစေရေးအတွက် နိုင်ငံတော်က စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိသည်။

မွေးမြူရေးလုပ်ငန်းတွင် ကျွဲ၊ နွား၊ ဆိတ်၊ ဘဲ၊ ကြက်များကို စနစ်တကျ မွေးမြူထုတ်လုပ်ကြသည်။ ကြက်ကို အသားစားကြက်၊ ဥစားကြက်မွေးမြူသကဲ့သို့ နွားမွေးမြူရာတွင်လည်း အသားစားနွား၊ နို့စားနွား မွေးမြူကြသည်။ ဒေသအလိုက် ရှင်သန်ဖြစ်ထွန်းသည့် ကျွဲ၊ နွား၊ ဆိတ်၊ ဘဲ၊ ကြက်များကို ရှင်သန်အောင် မွေးမြူခြင်းဖြင့် အသားကဏ္ဍကို ဖူလုံမှုရရှိနိုင်စေသည်။ ချင်းပြည်နယ်တွင် နွားမျိုးစိတ်တစ်မျိုးဖြစ်သည့် နွားနောက်ကို မွေးမြူကြသည်။

နွားနောက်သည် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း တောင်တန်းဒေသများအပြင် တရုတ်၊ မြန်မာ၊ ဘူတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် တွေ့ရသည့်နွားမျိုးစိတ်တစ်မျိုးဖြစ်သည်။ ဒေသခံများသည် နွားနောက်ကို သစ်တောများအတွင်း သဘာဝအတိုင်းလွှတ်ကျောင်းစနစ်ဖြင့်မွေးမြူကြပြီး လူမှုစီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဒေသခံများသည် လက်ထပ်ထိမ်းမြားပွဲများတွင် မင်္ဂလာလက်ဆောင်အဖြစ် ပေးအပ်လေ့ရှိသကဲ့သို့ ကုန်ပစ္စည်းချင်း တိုက်ရိုက်လဲလှယ်သည့် ကုန်သွယ်မှုစနစ်များတွင်လည်း အသုံးပြုကြသည်။

နွားနောက်ကို အသားရရှိရန်အတွက် အဓိကမွေးမြူကြသည်။ နွားနောက်အသားသည် အခြားတိရစ္ဆာန်မျိုးစိတ်များ၏ အသားထက် ပိုမိုနူးညံ့ကာ အရည်အသွေးပိုမိုကောင်းမွန်သည်။ နွားနောက်များသည် နို့ထွက်ရှိသည့် ပမာဏနည်းပါးသော်လည်း အရည်အသွေးမြင့်မားပြီး နို့ထွက်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည်။ အရေခွံမှာလည်း သာမန်နွားများမှရရှိသည့် အရေခွံထက် ပိုမိုကောင်းမွန်သည့်အပြင် ရှားပါးသည့် စားမြဲ့ပြန်တတ်သော တိရစ္ဆာန်မျိုးဖြစ်သည်။ အရှေ့တောင်အာရှဒေသရှိ တောင်တန်းဒေသများတွင် တွေ့ရပြီး ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းသည့် နွားဖြစ်သည်။

နွားနောက်သည် အေးမြပြီး သမမျှတသော ရာသီဥတုမျိုးကို ပိုမိုနှစ်သက်ပြီး ဆိတ်များကဲ့သို့ပင် အပင်၏အကိုင်းအခက်၊ အရွက်နှင့် အဖူးအညွှန့်များကိုစားသုံးကြလေ့ရှိသည်။ အခြားမွေးမြူရေးတိရစ္ဆာန်များ မစားသုံးကြသည့် ကြမ်းတမ်းသော အစာများကိုပင် စားသုံးကြသည်။ နွားနောက်သည် မျိုးပွားနိုင်စွမ်း အလွန်ကောင်းမွန်ပြီး တစ်နှစ်လျှင်တစ်သားပေါက်ဖွားနိုင်သည်။ မျိုးပွားနိုင်သည့်အရွယ်သို့ ရောက်ရှိချိန်သည် ၂၂ လမှ လ ၃၀ ဝန်းကျင်ဖြစ်သည်။ အသားစားသုံးရန်အတွက် အရည်အသွေးကောင်းမွန်သော အသား၊ နို့နှင့် သားရေထုတ်လုပ်မှုအတွက် အရေးပါသည်။ သဘာဝနည်းလမ်းကျ (organic) အသားနှင့် နို့ထုတ်လုပ်သည့် တိရစ္ဆာန်အဖြစ် မွေးမြူနိုင်မည့် အခွင့်အလမ်းကောင်းများစွာလည်း ပိုင်ဆိုင်ထားရှိသည်။

နွားမျိုးနွယ်ဝင် တိရစ္ဆာန်တစ်မျိုးဖြစ်သည့် နွားနောက်များကို အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း တောင်တန်းဒေသနေ လူမျိုးစုများက မွေးမြူကြသည်။ မိသားစုအတွက် နွားတစ်ကောင် ပိုင်ဆိုင်ထားခြင်းသည် မိသားစုတစ်ခု၏ ချမ်းသာကြွယ်ဝမှုကို ပြသသည့်ရိုးရာအမှတ်အသားတစ်ခုအဖြစ် မှတ်ယူထားကြသည်။ ရိုးရာအခမ်းအနားများသို့မဟုတ် ဒေသတွင်းအသားစားသုံးမှုများအတွက် အသုံးပြုမည့်အချိန် မရောက်မချင်း နွားများကို တောထဲတွင် လွှတ်ထားပြီး စားကျက်ရာဖွေစားသောက်ခွင့်ပေးထားလေ့ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် နွားနောက်ကို ချင်းပြည်နယ်၏ သယံဇာတရတနာအဖြစ် သတ်မှတ်သည်။ ဒေသခံများသည် နွားနောက်ကို တစ်နိုင်တစ်ပိုင် မိရိုးဖလာမွေးမြူရေးစနစ်ဖြင့် မွေးမြူကြသည်။ နိုင်ငံတော်၏ပံ့ပိုးပေးမှုဖြင့် အသားစားနွားတစ်မျိုးအဖြစ်သတ်မှတ်၍ မျိုးရိုးဗီဇထိန်းသိမ်းရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ စီးပွားဖြစ်မွေးမြူရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။ နွားနောက်များကို အရှေ့တောင်အာရှဒေသဖြစ်သော အိန္ဒိယအရှေ့ပိုင်း ဘူတန်နှင့် မြန်မာနိုင်ငံမြောက်ပိုင်းတွင် အများဆုံးတွေ့ရှိရပြီး Bos frontalis မျိုးစိတ်ဖြစ်သည်။ အဆိုပါမျိုးစိတ်တွင် ပြောင်း(Gavarus gaurus)၊ နွားနောက် (Gavarus frontalia)၊ စိုင် (Gavarus sondicus) တို့ပါဝင်သည်။

နွားနောက်၏ ပုံသဏ္ဌာန်နှင့် အရောင်အသွေးမှာ ဘို့မရှိ ဦးချိုအရင်း၌ ပြာနေတတ်ပြီး နဖူးချိုင့်ဝင်နေသည်။ နှာဖျားတိုသည်။ လည်ဖတ်ချပ်နေပြီး ကျောကုန်းရိုးတစ်လျှောက်တွင် မို့မောက်နေတတ်သည်။ အရောင်မှာ မီးခိုးရင့်ရောင်၊ အဖြူရောင်၊ အနက်ရောင် သို့မဟုတ် အနက်နှင့်အဖြူကွက်ကြားဖြစ်သည်။ မီးခိုးရင့်ရောင်ရှိသော နွားနောက်များမှာ အများစုဖြစ်ပြီး ခြေဖျားတွင် အဖြူရောင်တွေ့ရတတ်သည်။ နွားနောက်သည် အထီးရော အမပါ မြန်မာနွားများထက် ပို၍ကြီးသည်။ ပျမ်းမျှကိုယ်အလေးချိန် ပေါင် ၈၀၀ မှ ၁၃၀၀ (ပိသာချိန် ၂၂၀ မှ ၃၆၀) ထိရှိသည်။ နွားနောက်များကို အသားစားသုံးရန်အတွက် မွေးမြူကြသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၀၀ မှ ၁၀၀၀၀ ကြားတွင် နေထိုင်ကျက်စားကြသည်။ အပူပိုင်းဒေသတွင် မွေးမြူပေါက်ဖွားသည့်နွားနောက်များ၏ အရွယ်အစားသည် ချင်းပြည်နယ်ရှိ နွားနောက်များထက် ငယ်သည်။ အအေးပိုင်းတွင် မွေးမြူပေါက်ဖွားသည့် နွားနောက်များသည် ကိုယ်ထည်ကြီးမားကြသည်။ ကြမ်းတမ်းသည့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည်။

နွားနောက်များသည် သာမန်နွားများထက် ကြီးထွားနှုန်းကောင်းပြီး အရွယ်ရောက်စောသည်။ အထီးများသည် ၁၈ လမှ နှစ်နှစ်ကြားတွင် အရွယ်ရောက်သည်။ အမသည် တစ်နှစ်ခွဲတွင် အရွယ်ရောက်၍ နှစ်နှစ်ခွဲ သုံးနှစ် အရွယ်တွင် သားပေါက်လေ့ရှိကာ တစ်နှစ်တစ်သားကျလေ့ရှိသည်။ နွားနောက် အမတစ်ကောင်သည် ၁၂ နှစ်ထိ သားမွေးနိုင်ပေသည်။ နွားနောက်အထီးသည် ခြောက်နှစ်၊ ခုနစ်နှစ်အရွယ် ကျော်လွန်ပါက သီးသန့်နေတတ်ပြီး သွားလိုရာသွားလေ့ရှိကြသည်။

သဘာဝဓလေ့အရသီးနှံများစိုက်ပျိုးရာသီတွင် ခြံလှောင်၍ မွေးမြူခြင်း၊ အချို့ဒေသတွင် လူငှားထိန်းကျောင်းပြီး စိုက်ပျိုးရာသီကုန်ဆုံးပါက လုံးဝလွှတ်ကျောင်းစနစ်မွေးမြူခြင်းကို ပြုလုပ်ကြသည်။ ခြံလှောင်စနစ်တွင် သုံးနှစ်တစ်ကြိမ်နေရာပြောင်းပြီး ခြံဟောင်းနေရာကို တောင်ယာစိုက်ပျိုးမြေအဖြစ် ပြန်လည်အသုံးပြုကြသည်။ သားပေါက်ငယ်များကို ခွေးအနှင့်အခြားတောရိုင်းတိရစ္ဆာန်များ ကိုက်ဖြတ်စားသောက်ကြလေ့ရှိသဖြင့် နွားနောက်ကောင်ရေတိုးပွားနှုန်းကို အဟန့်အတားဖြစ်စေသည်။ နွားနောက်တန်ဖိုး မြင့်မားလာမှုကြောင့်လည်းကောင်း၊ ခိုးယူခံရမှုမှကာကွယ်ရန် လည်းကောင်း နေ့ပိုင်းလွှတ်ကျောင်း၍ ညပိုင်းခြံခတ်မွေးမြူမှုပြုလုပ်ကြသည်။

နွားနောက်များကို အစားအစာအနေဖြင့် ရွက်စိမ်းအနုများ၊ နွယ်ပင်၊ ဝါးပင်၊ မြက်နုများကို ကျွေးမွေးနိုင်သည်။ ဆားငံရည်ရှိသော စားကျက်မြေတွင် ပိုမိုကြီးထွားရှင်သန်မှုကို ဖြစ်စေသည်။ ပုံမှန် ဆားကျွေးမွေးခြင်းဖြင့်လည်း မွေးမြူနိုင်ပြီး အလွန်ယဉ်ပါးသော တိရစ္ဆာန်အဖြစ် လေ့ကျင့်မွေးမြူကြသည်။ ဖြည့်စွက်စာအဖြစ် အစာစပ်ရာတွင် ဆန်ကွဲ ၃၀ ကျပ်သားနှုန်း၊ နှမ်းဖတ် ၃၀ ကျပ်သားနှုန်း၊ ဖွဲနု ၃၈ ကျပ်သားနှုန်း၊ ဆား ၁ ဒသမ ၅ ကျပ်သားနှုန်းဖြင့် အသုံးပြုကျွေးမွေးနိုင်သည်။

အသားထုတ်လုပ်မှုအတွက် အထီးများကို သုံးနှစ်မှ လေးနှစ်အရွယ်တွင် အသားထုတ်လုပ်ရောင်းချနိုင်ပေသည်။ အသားအထွက်နှုန်းမှာ ပိသာ ၈၀ မှ ၁၂၀ ရှိသည်။ အရွယ်ပမာဏ အကြီးဆုံးအကောင်သည် အသား ပိသာချိန် ၁၀၀ မှ ၁၅၀ ထိ ထွက်ရှိနိုင်သည်။ သုတေသနပြုသားစပ်စမ်းသပ်မှုအရ နွားရွေနီအထီး နှင့် နွားနောက်အမ မျိုးစပ်ပါကပေါက်ဖွားသော အမသည် မျိုးအောင်၍အထီးသည် သားမြဲ့သည်။ နွားနောက်အထီးနှင့် နွားရွေနီအမ မျိုးစပ်ပါကပေါက်ဖွားသော နွားအထီးအမနှစ်မျိုးလုံး မျိုးအောင်သည်ကို တွေ့ရှိရသည်။

နွားနောက်များသည် ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သော ရောဂါအားလုံးဖြစ်ပွားတတ်သည်ကိုတွေ့ရသည်။ ကာကွယ်ရန်အနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်လုပ်သော ကျွဲ၊ နွားကာကွယ်ဆေးများကို ပုံမှန်ထိုးနှံပေးခြင်းဖြင့် ကာကွယ်နိုင်ပေသည်။ ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးကို တစ်နှစ်နှစ်ကြိမ်ထိုးပေးခြင်း၊ လည်ချောင်းကွဲရောဂါကာကွယ်ဆေး တစ်နှစ်နှစ်ကြိမ်ထိုးပေးခြင်း၊ ခွာနာလျှာနာရောဂါကာကွယ်ဆေး တစ်နှစ်နှစ်ကြိမ် ထိုးပေးခြင်းများ ပြုလုပ်ပေးရမည်ဖြစ်သည်။

အနှစ်ချုပ်အနေဖြင့် အသားစားသုံးမှု လိုအပ်ချက်ပြည့်မီရေး ကျွဲ၊ နွား၊ ဆိတ်၊ ဘဲ၊ ကြက် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ မွေးမြူထုတ်လုပ်ကြရမည်ဖြစ်သည့်အပြင် တစ်နိုင်တစ်ပိုင်မွေးမြူရေးမှ စီးပွားဖြစ်မွေးမြူနိုင်သည်ထိ မွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းရှိ ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများ ဟန်ချက်ညီညီ မွေးမြူဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းအသားဖူလုံမှုရရှိစေမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများ၊ မိသားစုဝင်ငွေများလည်း တိုးပွားစေနိုင်သဖြင့် ကျွဲ၊ နွား၊ ဆိတ်၊ ဘဲ၊ ကြက်၊ ဝက် မွေးမြူရေးသာမက နွားနောက်မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုးကား

– မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ဝေသည့် နွားနောက်မွေးမြူရေးစာစောင်။

❖ နွားနောက်သည် အထီးရောအမပါ မြန်မာနွားများထက် ပို၍ကြီးသည်။ ပျမ်းမျှကိုယ်အလေးချိန် ပေါင် ၈၀၀ မှ ၁၃၀၀ (ပိသာချိန် ၂၂၀ မှ ၃၆၀) ထိရှိသည်။ နွားနောက်များကို အသားစားသုံးရန်အတွက် မွေးမြူကြသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၀၀ မှ ၁၀၀၀၀ ကြားတွင် နေထိုင်ကျက်စားကြသည်။ အပူပိုင်းဒေသတွင် မွေးမြူပေါက်ဖွားသည့်နွားနောက်များ၏ အရွယ်အစားသည် ချင်းပြည်နယ်ရှိ နွားနောက်များထက် ငယ်သည်။ အအေးပိုင်းတွင် မွေးမြူပေါက်ဖွားသည့် နွားနောက်များသည် ကိုယ်ထည်ကြီးမားကြသည်။ ကြမ်းတမ်းသည့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည်။ ❖

၉၅ ကြိမ်မြောက်နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်ပွဲနှင့် ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် ၅၁၆ နှစ်ပြည့်ပွဲတော်တွင် အနုပညာရှင်များစွာပါဝင်ဖျော်ဖြေမည်



တောင်ငူ နိုဝင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ကျင်းပမည့် ၉၅ ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီ လှည့်လည်ပူဇော်ပွဲနှင့် ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် ၅၁၆ နှစ်ပြည့်ပွဲတော်တွင် ဂီတ၊ သဘင်၊ ရုပ်ရှင်အနုပညာရှင်များစွာ ပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း အဆိုပါပွဲတော်ကျင်းပရေးကော်မတီဝင် ဦးခင်မောင်အေးထံမှ သိရသည်။

အဆိုပါပွဲတော်ကို နိုဝင်ဘာ ၂၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ဂီတ၊ သဘင်၊ ရုပ်ရှင်အနုပညာရှင်များပါဝင်မည့် တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၄ ရက်တွင် တောင်ငူမြို့မဗဟိုမဏ္ဍပ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"၉၅ ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်ပွဲနဲ့ ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် ၅၁၆ နှစ်ပြည့်ပွဲတော်ရဲ့ ဖျော်ဖြေရေးအစီအစဉ်မှာ မြို့ရွှေမန်းသား ဖိုးချစ်ကတဲ့ ဧာတ်အလှသဘင် ဖျော်ဖြေပွဲနဲ့ အတူ ပွဲတော်လာပရိသတ်တွေကို ဖျော်ဖြေပေးမဲ့ တေးဂီတဖျော်ဖြေပွဲကိုလဲ ထည့်သွင်းကျင်းပမှာပါ။ တေးဂီတဖျော်ဖြေပွဲမှာ ရုပ်ရှင်နဲ့ ဂီတနယ်ပယ်က အနုပညာရှင်တွေ လာရောက်ဖျော်ဖြေသီဆိုပေးကြမှာဖြစ်ပါတယ်"ဟု ဦးခင်မောင်အေးက ပြောပြသည်။

အဆိုပါပွဲတော်များတွင် Sound Square Music Band နှင့်အတူ စိုးသူ၊ ဇော်ပိုင်၊ ဟိန်းဝေယံ၊ အောင်ထက်၊ သားငယ်၊ ကလုန်း၊ ပိုပို၊ နီနီခင်ဇော်၊ စိုးပြည့်သဇင်၊ အိချော ပို၊ ဆုထက်လှိုင်၊ ချမ်းမြေ့မောင်ချို၊ ယုယသံစဉ်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

Playmates ရုပ်ရှင်ဇာတ်ကားဌ်၌ မင်းသား လိုဂန်လားမင်း ပါဝင်မည်ဖြစ်

နယူးယောက် နိုဝင်ဘာ ၁၆

Searchlight ရုပ်ရှင်ကုမ္ပဏီ၏ Playmates ရုပ်ရှင်ဇာတ်ကားတွင် မင်းသား လိုဂန်လားမင်း ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

Playmates ဇာတ်ကားသည် ပလေးဘွိုင်းစံအိမ်၌ နေထိုင်ကြီးပြင်းခဲ့ရစဉ်ကာလ မင်းသမီး လော်ရိန်းနစ်ကိုးဆန် ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Playmates ဇာတ်ကားကို မင်းသမီး လော်ရိန်းနစ်ကိုးဆန် ကိုယ်တိုင် တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားသည်။

Playmates ဇာတ်ကားတွင် မင်းသား လိုဂန်လားမင်းသည် မင်းသမီး အင်ဒီယာနာအယ်လီ၊ လီလီရို့ဒပ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသား လိုဂန်လားမင်းသည် Hulu ရုပ်သံလိုင်း၏ Only Murders in the Building ရုပ်သံဇာတ်လမ်းတွဲဖြင့်ထင်ရှားသူဖြစ်သည်။

Playmates ဇာတ်ကားစတင် ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Searchlight ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



ချစ်သောမဟေသီ ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာလစတုတ္ထပတ်တွင် CANAL+ ZAT LENN Channel မှ ထုတ်လွှင့်သွားမည်

ရန်ကုန် နိုဝင်ဘာ ၁၆

BONANZA Production က ရိုက်ကူးထုတ်လုပ်သည့် ချစ်သောမဟေသီ ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာလ စတုတ္ထပတ်တွင် CANAL+ ZAT LENN Channel မှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း ဒါရိုက်တာ နိုရာကိုထံမှ သိရသည်။

ချစ်သောမဟေသီ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို Evren က ရေးသားထားပြီး ဖြိုးသန္တာကျော်၊ ယဉ်မင်းခန့်၊ အင်ကြင်းဦးတို့က ဇာတ်ညွှန်းရေးသားထားကာ BONANZA Production အတွက် ဒါရိုက်တာ နိုရာကိုက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက မြန်မာ့ပထမဆုံး စိတ်ကူးယဉ်ရှေးခေတ် ဒရာမာဇာတ်လမ်းတွဲဖြစ်ပါတယ်။ ဘယသိဒ္ဓိလျံနိုင်ငံတော် သုမနပြည်နယ်ရဲ့ ဇနီးလောင်းရွှေချယ်ပွဲကနေ စတင်လာတဲ့မုန်တိုင်းတစ်ခု။ အပျော်အပါးမက်ပေမဲ့ ကြင်နာတတ်တဲ့ နလုံးသားရှိတဲ့ အငယ်ဆုံးမင်းသား လင်းဉာဏာနောင်၊ အောင်မြင့်မှုနဲ့ အာဏာရလို စိတ်ပြင်းထန်တဲ့ ဒုတိယမင်းသား ရဲသူရနောင်တို့ ညီအစ်ကိုကြားက အာဏာနဲ့ အချစ်လုပွဲထဲမှာ ရူပစန္ဒာတစ်ယောက် ဘယ်လိုရင်ဆိုင်ရင်သန်မလဲ။ အပြင်ပန်းမှာခမ်းနားလှပပေမဲ့ အမှားတစ်ချက်နဲ့တင် ပြိုကွဲသွားနိုင်တဲ့ ဖန်သားနန်းတော်ထဲက လျှို့ဝှက်ချက်တွေကို CANAL+ ကနေ စောင့်မျှော်ကြည့်ရှုပေးပါအုံး"ဟု ဒါရိုက်တာ နိုရာကိုက ပြောပြသည်။



ချစ်သောမဟေသီ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အောင်ဇမ္ဗူ၊ စစ်မင်းထက်၊ မင်းမြတ်စိုးစံ၊ ဟန်နလာ၊ အရိုင်း၊ ဇော်ဝင်းနိုင်(မန်း)၊ မေမီကိုကို၊ JK Sophia၊ အင်ကြင်းဖူး၊ ဂွမ်းပုံကြီး၊ ကလေးသရုပ်ဆောင် မိုဂျိနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

The Week of Pain ဇာတ်ကားဌ်၌ မင်းသမီး မားဂေါ့ရော့ဘီ ပါဝင်သရုပ်ဆောင်မည်

နယူးယောက် နိုဝင်ဘာ ၁၆

A 24 ရုပ်ရှင်ကုမ္ပဏီ၏ The Week of Pain ရုပ်ရှင်ဇာတ်ကားဌ်၌ မင်းသမီး မားဂေါ့ရော့ဘီ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

The Week of Pain ဇာတ်ကားကို ဒါရိုက်တာ ခရစ္စတိုဖာဘော်ဂလီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားသည်။

လက်ရှိတွင် The Week of Pain ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ဒါရိုက်တာ ခရစ္စတိုဖာဘော်ဂလီသည် A 24 ရုပ်ရှင်ကုမ္ပဏီက ယခုနှစ် ဧပြီလအတွင်း ရုံတင်ပြသခဲ့သည့် The Drama ဇာတ်ကားကို တာဝန်ယူ ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

မင်းသမီး မားဂေါ့ရော့ဘီသည် Barbie၊ Wuthering Heights ဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသမီးဖြစ်သည်။

လက်ရှိတွင် မင်းသမီး မားဂေါ့ရော့ဘီသည် Ocean's အက်ရှင် ဇာတ်ကားသစ်၌ မင်းသား ဘရက်ဒလေကူးပါးနှင့်အတူ သရုပ်ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

G.I.Joe စူပါဟီးရိုးဇာတ်ကားသစ်ကို ၂၀၂၈ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထား

နယူးယောက် နိုဝင်ဘာ ၁၆

G.I.Joe စူပါဟီးရိုးဇာတ်ကားသစ်ကို ၂၀၂၈ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ရုံတင်ပြသရန် Paramount ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

G.I.Joe ဇာတ်ကားသစ်ကို ဒါရိုက်တာ ဒန်နီမက်ဘရစ်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျက်ဖရက်ဒလေနှင့် ဂျွန် ကာစီရီတို့က ရေးသားပေးထားကြောင်း သိရသည်။

G.I.Joe ဇာတ်ကားသစ်တွင် မင်းသား ဘရက်ဒလေကူးပါးက အဓိကဇာတ်ကောင် ဂျိုးအဖြစ် ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ဒါရိုက်တာ ဒန်နီမက်ဘရစ်သည် East Bound နှင့် Righteous Gemstones ကဲ့သို့ ဇာတ်ကားများကို ရိုက်ကူးခဲ့သူဖြစ်သည်။

Paramount ကုမ္ပဏီသည် G.I.Joe: Snake Eye၊ G.I.Joe: The Rise of Cobra နှင့် G.I.Joe: Retaliation ဇာတ်ကားများကို ရိုက်ကူးထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

G.I.Joe ဇာတ်ကားများသည် ဝင်ငွေအထိုက်အလျောက် ကောင်းခဲ့သည့် စူပါဟီးရိုးရုပ်ရှင် ဇာတ်ကားများ ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin arrives in Malaysia to attend 27th ASEAN Chiefs of Army Multilateral Meeting (27th ACAMM)



General Kyaw Swa Lin holds discussions with Commander-in-Chief of the Royal Thai Army General Pana Claew-plodtook.

Nay Pyi Taw November 16

A Myanmar Tatmadaw delegation led by Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, who will attend the 27th ASEAN Chiefs of Army Multilateral Meeting (27th ACAMM) to be held in Malaysia, arrived at Kuala Lumpur International Airport, Malaysia, this morning. The General and delegation members were welcomed by senior officers of the Malaysian Armed Forces, Myanmar Ambassador to Malaysia U Aung Kyaw Moe, Myanmar Military Attaché (Army, Navy and Air) Brig-Gen Nyi Nyi Oo and his wife, and officials.

Subsequently, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and his delegation departed from Kuala Lumpur International Airport and arrived at the DoubleTree Hotel in Malacca, where they were welcomed by 11th Brigade Commander Brig-Gen Dato' Safwan from the Malaysian Armed Forces and officials.

In the evening, General Kyaw Swa Lin held discussions with Commander-in-Chief of the Royal Thai Army General Pana Claew-plodtook at the Strait-1 Hall of the hotel.

Senior Tatmadaw officers accompanying the Deputy Commander-in-Chief of Defence Services and Commander-in-Chief (Army) as members of the delegation, together with the Myanmar Military Attaché (Army, Navy and Air), attended the meeting. The Commander-in-Chief of the Royal Thai Army and officials were also in attendance.

During the meeting, they held cordial and frank discussions, exchanging views on matters concerning the promotion of friendship and cooperation in various sectors between the armed forces of the two countries; border security, peace and stability; the effective measures being taken by the Myanmar government to combat and suppress narcotic drugs, illegal border trade and human trafficking; and the need for cooperation from the Thai side in jointly preventing and restricting the supply of food, fuel, electricity and telecommunications equipment required to support online scam and gambling activities being conducted along the border between the two countries under the protection of certain terrorist groups.

After the meeting, the two Generals from Myanmar and Thai armed forces exchanged emblems and posed for a group photograph.

100

Systematic demolition of illegal buildings used in online scam/ gambling in Shwe Kokko (Part-II) goes on

Systematic ongoing demolition of a 6-story building used for committing online gambling offenses within Part-II of the Shwe Kokko area.



Before demolition.







Demolition using heavy machinery.

Nay Pyi Taw November 16

As the government has completely demolished illegal buildings in Shwe Kokko, where most online scams and gambling were operated, so that they cannot be used again for such crimes, the dismantling of a 5-storey building and a 6-storey one under mechanical demolition among those left for destruction in Shwe Kokko (Part-II) completed up to 40 percent and 80 percent respectively today.

A total of 63 buildings used in online scams and gambling and left for destruction in Shwe Kokko (Part-II) were scheduled for mechanical demolition, detonation and manual dismantling floor by floor due to their proximity to residences and demolition works were being carried out. The dismantling of altogether 11 buildings including four designated for detonation and seven for mechanical demolition completed and plans were underway to systematically knock down the remaining 52 illegal buildings.

The government has taken measures to completely eradicate online scams and gambling , which have posed a threat to the global socioeconomic arena and national security, in cooperation with neighboring and regional countries.

100

About 15 killed in drone strike in Sudan's West Kordofan: sources

Khartoum November 16

About 15 people were killed in a drone strike in Sudan's West Kordofan State, according to two local rights groups on Monday.

The Kordofan Observatory, a local rights group, reported that 15 civilians, including four children, were killed and others were injured in a strike on Sunday on the Abu Qalb area in the locality of Abu Zabad.

Murtada Ahmed, the observatory's spokesperson, said in a statement on Monday that the attack directly targeted a football field, while other projectiles struck civilian homes.

He noted that drone strikes and military aircraft continued to operate over parts of the Kordofan region amid ongoing ground operations between the Sudanese Armed Forces (SAF) and the paramilitary Rapid Support Forces (RSF).

Xinhua

Tatmadaw columns conduct area security operations against terrorist insurgents and their temporary strongholds along Indaw–Wuntho–Kawlin–Kyunhla–Kanbalu and Indaw–Kyauktan–Sabai Nanthar routes

Departmental officials and local residents joyfully and warmly welcoming Tatmadaw columns upon their arrival in Wuntho.



Wuntho town.

Tatmadaw columns clearing and capturing villages along the Indaw–Maugon–Kyauktan route that had been bullied, dominated, and used as military camps by terrorist groups.



Sakapin village.

Tatmadaw columns clearing and capturing villages along the Indaw–Maugon–Kyauktan route that had been bullied, dominated, and used as military camps by terrorist groups.

Peinnegon village.

Tatmadaw columns clearing and capturing villages that had been bullied, dominated, and used as military camps by terrorist groups.



Kyauktan village.

Tatmadaw columns clearing and capturing villages that had been bullied, dominated, and used as military camps by terrorist groups.



U-tone Pin village.

Nay Pyi Taw November 16

In addition to carrying out national defence and security duties to ensure regional peace and stability so that the public can live peacefully and improve their socioeconomic lives, the Tatmadaw has been cooperating with the Government and local residents on regional development initiatives. As part of these efforts, the Tatmadaw is working to regain control of and reopen vital communication routes in Sagaing Region—specifically the Indaw–Wuntho–Kawlin–Kyunhla–Kanbalu route and the Indaw–Kyauktan–Sabai Nanthar route—which had been temporarily occupied by terrorist insurgents carrying out destructive activities.

Through these ongoing efforts, towns, villages, and communication routes temporarily controlled by terrorist insurgents are being recaptured one after another. News regarding the attacks and security operations against terrorist insurgents hiding and committing acts of terror along the Indaw–Wuntho–Kawlin route and the Indaw–Maugon–Kyauktan route was previously released on October 20, 2026.

Subsequently, Tatmadaw columns continued area security operations to clear out remaining terrorist insurgents and their bases along those two routes. The column operating on the Indaw–Wuntho–Kawlin section successfully regained control of Sakyar Maung village on October 20, and Kyeegon and Zeephyugon villages on October 21.

Similarly, the Tatmadaw column operating on the Indaw–Maugon–Kyauktan section recaptured Nyaunggon and Budalet villages on October 29; Peinnegon village on November 1; Point-182 hill and Point-344 hill on November 2; and Doepin village on November 4.

Continuing joint area security operations with the Tatmadaw column on the Indaw–Wuntho–Kawlin route, forces advanced and successfully cleared and captured Kyundaw and Padonmar villages on November 5; Mingon and Kyauktan villages on November 6; and Taungmaw village on November 7. On the evening of November 8, the Tatmadaw columns successfully arrived in Wuntho, where they were warmly welcomed by departmental officials and local ethnic residents.

Following this, Tatmadaw columns systematically reorganized and prepared in Wuntho and Kyauktan village to clear and eliminate terrorist insurgents temporarily controlling and conducting destructive acts along the Wuntho–Kawlin–Kyunhla–Kanbalu and Kyauktan–Sabai Nanthar routes. Dividing into columns to conduct synchronized area clearance operations, forces successively cleared and captured Kawlin on November 11; Wahyonkhon, Kokkogon, and Nyaunggon villages on November 12; Koetaungboet village on November 13; and Thintaw and U-tone Pin villages on November 15.

During these operations to recapture the routes and villages temporarily held by terrorist insurgents, Tatmadaw columns fought valiantly without regard for their own lives.

See Page 14



Weapons, ammunition, mines, and related accessories seized from terrorist insurgents near Maugon village.



Weapons, ammunition, and related accessories seized from terrorist insurgents near Mingon village.



Mines and related accessories seized from terrorist insurgents near Koetaungboet village.



Bunkers, firing trenches, and defensive pits dug and used as military camps in villages and surrounding areas along the Indaw–Wuntho–Kawlin–Kyunhla–Kanbalu and Indaw–Kyauktan–Sabai Nanthar routes [captured by Tatmadaw columns].

From Page 13

A total of 29 major and minor engagements took place with the terrorist insurgents. Forces seized 13 enemy dead bodies, 11 assorted weapons, ammunition and related accessories, firing trenches, bunkers, living huts, explosive devices and accessories used for terrorist sabotage, insurgent camouflage uniforms, body armor, a makeshift medical clinic with medical supplies, and other equipment.

While temporarily controlling the surrounding areas, joint groups of terrorist insurgents were found to have dug communication trenches inside villages and constructed bunkers within civilian homes and fences to mount fortified defenses and carry out various forms of sabotage. Furthermore, they blocked communication routes, extorted money from passenger vehicles and cargo trucks traveling along those roads, abducted, tortured, and killed civilians, and carried out forced recruitment. These actions disrupted the regional flow of goods, drove up commodity prices, and caused a decline in the overall socioeconomic conditions of the local population.

It is reported that Tatmadaw columns, with the cooperation and participation of local residents, are continuing to intensify necessary area security operations to swiftly regain full control of and reopen these routes, as well as to clear and eliminate the terrorist insurgents hiding and conducting destructive acts along them. 100

Budalin Township finishes harvesting all sown acreage of sunflower



This photo captures a newly harvested sunflower in a field.

Budalin November 16

All sown acres of sunflowers cultivated during this year's monsoon cropping season in Budalin Township, Sagaing Region, have been fully harvested, according to data from the Budalin Township Department of Agriculture.

During this year's monsoon planting season, 4,892 acres of sunflowers were cultivated across Budalin Township. Harvesting began in August, and 100 per cent of the acreage has now been harvested, yielding an average of 18.01 baskets per acre.

"This year, during the monsoon season, 4,892 acres of sunflowers were cultivated in Budalin Township. At present, all planted acres have been completely harvested. To reduce foreign palm oil imports, we will push forward with expanding the cultivation of sunflowers as an oilseed crop. Sunflowers also yield more oil per acre compared to other oil crops like groundnuts and sesame," said U Phyo Wai, head of the Budalin Township Department of Agriculture.

To expand sunflower cultivation in the township, the Department of Agriculture stepped up educational training programmes to enhance the capacities of both staff and prospective sunflower farmers.

Additionally, arrangements were made this year to provide seeds to sunflower growers and sell urea fertilizer at affordable rates. The harvested sunflower seed varieties were also distributed through farmer-to-farmer exchange systems. 206

More than 3,000 acres of groundnut plant in Phaungpyin Township

Phaungpyin November 16

Over 3,000 acres of groundnuts have been planted during this year's winter crop cultivation season in Phaungpyin Township, Sagaing Region, according to figures from the Phaungpyin Township Department of Agriculture.

For the current 2026-2027 winter crop season, the township set a target of 11,519 acres for groundnut cultivation. Sowing began in October, and 3,626 acres have been planted to date.

"This year, during the winter cropping season, we have targeted over 11,000 acres for groundnuts in Phaungpyin Township. As of today, over 3,000 acres have already been planted. We are working to ensure that the target acreage is met. The groundnut crop is thriving, and as an oilseed crop, it is in a promising state. Groundnut cultivation has been progressing year by year," said U Chit Win, head of the Phaungpyin Township Department of Agriculture.

In Phaungpyin Township, groundnut cultivation requires 1.5 baskets of seed per acre. Production costs—including expenses for seed, labor, fertilizer, and pesticides—amount to over K200,000 per acre, with each acre yielding over 50 baskets.

To ensure healthy crop development, prevent pest and disease infestations, and keep the fields weed-free, staff from the Township Department of Agriculture are conducting field inspections and maintaining pest scouting records across the groundnut plantations. 206

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ဖြိတိန်ကုမ္ပဏီ BAE Systems က EchoShield ရေဒါစနစ်ကို BATS ဒရုန်းတန်ပြန်ကာကွယ်ရေးစနစ်တွင် ထည့်သွင်းအသုံးပြုမည်



ဖြိတိန်အခြေစိုက် ကာကွယ်ရေးနှင့် လေကြောင်းဆိုင်ရာ နည်းပညာကုမ္ပဏီ BAE Systems သည် အမေရိကန်နိုင်ငံ Echodyne ကုမ္ပဏီထုတ် EchoShield ရေဒါစနစ်ကို Anti Threat System (BATS) ဒရုန်းတန်ပြန်ကာကွယ်ရေးစနစ်တွင် ထည့်သွင်းအသုံးပြုမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ထည့်သွင်းအသုံးပြုမှုကို မကြာသေးမီက စကော့တလန်နိုင်ငံ၌ လက်တွေ့စမ်းသပ်မှုများ အောင်မြင်စွာ ပြီးစီးခဲ့သည့် BATS စနစ်၏ ဒရုန်းခြိမ်းခြောက်မှု တုံ့ပြန်နိုင်စွမ်းကို ပိုမို တိုးမြှင့်ပေးရန်ဖြစ်သည်။

EchoShield ရေဒါစနစ်သည် မောင်းသူမဲ့လေယာဉ်များကို ထောက်လှမ်းခြင်း၊ အမျိုးအစားခွဲခြားခြင်းနှင့် ရွေ့လျားမှုကို ခြေရာခံခြင်းတို့အတွက် လေကြောင်းအခြေအနေဆိုင်ရာ အချက်အလက်များကို BATS ဒရုန်းတန်ပြန်ကာကွယ်ရေးစနစ်သို့ ပေးပို့မည်ဖြစ်သည်။ အဆိုပါရေဒါမှ ရရှိလာသည့် ခြေရာခံအချက်အလက်များကို BATS ၏ ကွပ်ကဲထိန်းချုပ်မှုစနစ်သို့ ပေးပို့ပေါင်းစပ်သွားမည်ဖြစ်ပြီး ဖြစ်ပေါ်လာနိုင်သည့် ခြိမ်းခြောက်မှုများကို ခွဲခြားသတ်မှတ်ကာ သင့်လျော်သည့် တုံ့ပြန်ဆောင်ရွက်မှုများကို ညှိနှိုင်းလုပ်ဆောင်နိုင်မည်ဖြစ်သည်။

BAE Systems ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ စကော့တလန်နိုင်ငံ၌ ပြုလုပ်ခဲ့သည့် လက်တွေ့စမ်းသပ်မှုများတွင် BATS စနစ်သည် အာရုံခံကိရိယာအမျိုးမျိုးနှင့် ခြိမ်းခြောက်မှုကို တုံ့ပြန်သည့်ကိရိယာများကို ပေါင်းစပ်ထည့်သွင်းအသုံးပြု၍ ပြောင်းလဲလာသော ဒရုန်းခြိမ်းခြောက်မှုများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်စွမ်းရှိကြောင်း ပြသနိုင်ခဲ့သည်။

BATS စနစ်တွင် မော်ဂျူလာပုံစံနှင့် ဆော့ဝဲအခြေပြု ဖွဲ့စည်းတည်ဆောက်ပုံကိုအသုံးပြုထားပြီး အာရုံခံကိရိယာများ၊ ကွပ်ကဲထိန်းချုပ်မှုစနစ်များနှင့် တန်ပြန်ကာကွယ်ရေးကိရိယာများကို ချိတ်ဆက်ပေါင်းစပ်ထားသည်။ EchoShield ရေဒါသည် အဆိုပါစနစ်၏ အာရုံခံကိရိယာတစ်ခုအဖြစ် ပါဝင်လာမည်ဖြစ်ပြီး အခြားစနစ်များမှ ရရှိသည့်အချက်အလက်များနှင့်အတူ လေကြောင်းပစ်မှတ်များ၏ တည်နေရာနှင့် ဆက်လက်ခြေရာခံနိုင်သည့် အချက်အလက်များကို အဆက်မပြတ် ပံ့ပိုးပေးမည်ဖြစ်သည်။

Echodyne ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Eben Frankenberg က EchoShield ရေဒါစနစ်သည် တိကျမှုရှိပြီး တည်ငြိမ်ကာ အဆက်မပြတ်ခြေရာခံနိုင်သည့် ရေဒါအချက်အလက်များကို ပံ့ပိုးပေးနိုင်ကြောင်း၊ ၎င်းအချက်အလက်များကြောင့် BATS ကဲ့သို့သော ဉာဏ်ရည်မြင့် စနစ်များသည် ပိုမိုရှုပ်ထွေးလာသည့် ဒရုန်းခြိမ်းခြောက်မှုများကို လျင်မြန်စွာနှင့် ယုံကြည်စိတ်ချစွာ တုံ့ပြန်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

EchoShield ရေဒါစနစ်သည် အလယ်အလတ်အကွာအဝေးအတွက် အသုံးပြုသည့် ဆော့ဝဲအခြေပြု ရေဒါစနစ်တစ်ခုဖြစ်ပြီး Metamaterials Electronically Scanned Array (MESA) နည်းပညာကို အသုံးပြုထားသည်။ ၎င်းနည်းပညာသည် ရေဒါလှိုင်းတန်းများ၏ ဦးတည်ရာကို အီလက်ထရွန်နစ်နည်းဖြင့် ပြောင်းလဲထိန်းချုပ်နိုင်စေပြီး ဒရုန်းများနှင့် အခြားအရာဝတ္ထုများ၏ တည်နေရာနှင့် ရွေ့လျားမှုဆိုင်ရာ ခြေရာခံအချက်အလက်များကို ထုတ်ပေးနိုင်သည်။ EchoShield ရေဒါကို အမေရိကန်နိုင်ငံ၏ ကာကွယ်ရေးအစီအစဉ်တချို့တွင်လည်း အသုံးပြုရန် ရွေးချယ်ထားပြီးဖြစ်သည်။

၎င်းစနစ်တွင် အလျင်အမြန်ရွေ့ပြောင်းတပ်ဆင်အသုံးပြုနိုင်သည့် ပုံစံ၊ သတ်မှတ်နေရာ၌ အမြဲတမ်းတပ်ဆင်ထားသည့် ပုံစံနှင့် စစ်ဆင်ရေးလိုအပ်ချက်အလိုက် ရွေ့ပြောင်းအသုံးပြုနိုင်သည့် ပုံစံများ ပါဝင်ကြောင်း သိရသည်။

BAE Adds Echodyne's EchoShield to BATS Drone Defense System ကို ဘာသာပြန်ဆိုထားပါသည်။

ဘယ်လ်ဂျီယံက Blue Dome လေကြောင်းရန်ကာကွယ်ရေးစီမံကိန်းအတွက် ပြင်သစ်ထုတ် GM 200 MM/C ရေဒါ ၁၄ စုံ ဝယ်ယူရန် စီစဉ်လျက်ရှိ

ဘယ်လ်ဂျီယံနိုင်ငံသည် ၎င်း၏ Blue Dome လေကြောင်းရန်ကာကွယ်ရေး စီမံကိန်းအတွက် ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီထုတ် Ground Master 200 Multi-Mission Compact (GM200 MM/C) ရေဒါ ၁၄ စုံ ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ရွေ့လျားတပ်ဆင်အသုံးပြုနိုင်သည့် ရေဒါများသည် ဒရုန်းများ၊ ဒုံးကျည်များနှင့် အခြားလေကြောင်းခြိမ်းခြောက်မှုများကို ရှာဖွေထောက်လှမ်းခြင်းနှင့် ခြေရာခံခြင်းတို့အတွက် အသုံးပြုသွားမည်ဖြစ်သည်။

Thales ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ GM200 MM/C ရေဒါများသည် အာရုံခံကိရိယာများ၊ ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုစနစ်များ၊ လက်နက်စနစ်များကို ချိတ်ဆက်ပေါင်းစပ်ထားသည့် ဘုံလေကြောင်းအခြေအနေပြ မြေပုံတစ်ခု ဖန်တီးနိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

အဆိုပါရေဒါများကို နော်ဝေနိုင်ငံ Kongsberg ကုမ္ပဏီ၏ Fire Distribution Centre ကွပ်ကဲထိန်းချုပ်မှုစနစ်နှင့် အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီထုတ် AMRAAM ကြားဖြတ်ဒုံးကျည်များ ပေါင်းစပ်ထားသည့် စနစ်ဖွဲ့စည်းပုံတွင် ထည့်သွင်းအသုံးပြုမည်ဖြစ်သည်။

GM200 MM/C ရေဒါသည် လေကြောင်းစောင့်ကြည့်ရေး၊ လေကြောင်းရန်ကာကွယ်ရေးနှင့် ရန်သူ့အမြောက်ပစ်ခတ်မှုများ၏ တည်နေရာကို ရှာဖွေသတ်မှတ်သည့် Counter-Battery လုပ်ငန်းများတွင်အသုံးပြုနိုင်သည်။ ထို့ပြင် စနစ်ကို စက္ကန့် ၆၀ အောက်အတွင်း တပ်ဆင်အသုံးပြုနိုင်ပြီး ကွန်ရက်ချိတ်ဆက်ထားသည့်အခြေအနေတွင် အဝေးမှ ထိန်းချုပ်မောင်းနှင်နိုင်ကြောင်း သိရသည်။

GM200 MM/C ရေဒါကို Blue Dome လေကြောင်းရန် ကာကွယ်ရေးစီမံကိန်းတွင် အသုံးပြုရန် ဘယ်လ်ဂျီယံနိုင်ငံ၏ ဆုံးဖြတ်ချက်သည် ဥရောပနိုင်ငံများကြား လေကြောင်းရန်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသော တိုးတက်မှုတစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါ ဝယ်ယူမှုသည် ဘယ်လ်ဂျီယံနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ပေးရုံသာမက ဥရောပကာကွယ်ရေးစက်မှုလုပ်ငန်းကွန်ရက်ကိုလည်း ပိုမိုခိုင်မာစေပြီး အနာဂတ်တွင် ကိုယ်ပိုင်ထိန်းချုပ်နိုင်မှုရှိကာ ကြံ့ကြံ့ခံနိုင်သည့် လေကြောင်းရန်ကာကွယ်ရေးစနစ်များ တည်ဆောက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း Thales ကုမ္ပဏီ၏ မြေပြင်နှင့် လေကြောင်းစနစ်ဌာန အမှုဆောင်ဒုတိယဥက္ကဋ္ဌ Herv Dammann က ပြောကြားခဲ့ကြောင်း သိရသည်။



ဘယ်လ်ဂျီယံနိုင်ငံသည် GM 200 MM/C ရေဒါစနစ်များကို ၂၀၂၇ ခုနှစ်တွင် စတင်လက်ခံရရှိကာ အဆင့်ဆင့်တပ်ဆင်အသုံးပြုသွားရန် မျှော်မှန်းထားသည်။ ထို့ပြင် ဘယ်လ်ဂျီယံလေတပ်သည် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်များကို ကိုင်တွယ်အသုံးပြုနိုင်မည့်ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ၎င်း၏ အမှတ် (၅၁)တပ်စု (51st Squadron)ကိုလည်း ပြန်လည်အသက်သွင်းဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ဘယ်လ်ဂျီယံနိုင်ငံ၏ Blue Dome စီမံကိန်းသည် ရေဒါ၊ ကွပ်ကဲထိန်းချုပ်မှုစနစ် (C2) နှင့် ကြားဖြတ်လက်နက်စနစ်များကို သီးခြားစီအသုံးပြုခြင်းထက် ကွန်ရက်တစ်ခုတည်းအတွင်း ချိတ်ဆက်ပေါင်းစပ်အသုံးပြုခြင်းက ပိုမိုအရေးပါလာကြောင်း ဖော်ပြနေသည်။ အထူးသဖြင့် GM200 MM/C ရေဒါများမှ ရရှိသည့် လေကြောင်းပစ်မှတ် အချက်အလက်များကို Kongsberg ကုမ္ပဏီ၏ ကွပ်ကဲထိန်းချုပ်မှုစနစ်နှင့် Raytheon ကုမ္ပဏီ၏ AMRAAM ကြားဖြတ်ဒုံးကျည်များနှင့် ချိတ်ဆက်အသုံးပြုခြင်းသည် ပစ်မှတ်ရှာဖွေထောက်လှမ်းမှုမှ တုံ့ပြန်ကြားဖြတ်မှုထိ လုပ်ငန်းစဉ်တစ်ခုလုံးကို ပိုမိုညှိနှိုင်းဆောင်ရွက်နိုင်စေမည့် အားသာချက်ဖြစ်ကြောင်း သိရသည်။

Belgium Orders 14 Thales Radars for Its New 'Blue Dome' Air Defense Network ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျေးရွာချင်းဆက်လမ်းများ ကျောက်ချောလမ်းဆောင်ရွက်ပေးနိုင်ရေး၊ အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာများ စိုက်ပျိုးရေးနှင့်သောက်သုံးရေရရှိရေး၊ အားကစားကွင်းများအဆင့်မြှင့်တင်ပေးနိုင်ရေးပြင်းထန်အယ်လ်နီညို ရာသီဥတုဘေးကြိုတင်ကာကွယ်ရေး၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများတွင် ဝန်ထမ်း၊ ဆေးပစ္စည်းဖြည့်တင်းပေးနိုင်ရေးမောတော်အားခွဲရုံအသစ်တည်ဆောက်ပေးရေး၊ လယ်ယာ၊ စက်ရုံ၊ အလုပ်ရုံနှင့် ငါးဖမ်းလုပ်ငန်းများအတွက် စက်သုံးဆီအရောင်းဆိုင်များဖွင့်လှစ်ပေးနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာ- နောင်ဘိုအိုး- ကံကြီးကျေးရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာ -နောင်ဘိုအိုး- ကံကြီးကျေးရွာချင်းဆက်လမ်းသည် အရှည် ၂ မိုင် ၆ ဒသမ ၆၂ ဖာလုံ အမာခံလမ်းကို ရာသီမရွေးဆက်သွယ်သွားလာနိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ၂ မိုင်ကို ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြထားပြီးဖြစ်ပါကြောင်းနှင့် ကျန်အပိုင်းများ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ရန် ရန်ပုံငွေတွင် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်ကြီးမဲဆန္ဒနယ်မှ နန်းကျင်း ခေါ် နန်းစိန်၏ **အမျိုးသမီးထု၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ ဥပဒေ၊ စီမံကိန်းများ ချမှတ်ထားရှိမှုနှင့် (IDP)စခန်းများရှိ အမျိုးသမီးများ၏ လုံခြုံရေးအတွက် အရေးပေါ်စီမံကိန်းများ မည်သို့ချမှတ်ထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေသွယ်ကြည်က အမျိုးသမီးရေးရာဝန်ကြီးဌာနသည် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော အမျိုးသမီးများနှင့် ဥပဒေအရထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် အမျိုးသမီးငယ်ရွယ်များအတွက် သင်တန်းကျောင်း ရှစ်ကျောင်းတွင် လက်ခံစောင့်ရှောက်ထားပြီး အတန်းပညာဆက်လက်သင်ယူစေခြင်း၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း၊ ပြင်ပအလုပ်အကိုင်ရှာဖွေပေးခြင်း၊ လူမှုအဖွဲ့အစည်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးနေပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေတွင်ပါဝင်သည့် “သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်ရာ၌ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများအား ဦးစားပေးကူညီစောင့်ရှောက်ရမည်၊ ဘေးသင့်သူများအား ထောက်ပံ့ကူညီရာတွင် လူ့ဂုဏ်သိက္ခာထိခိုက်စေမည့်ပြုမူဆောင်ရွက်မှုမျိုး မဖြစ်စေရန်ရှောင်ကြဉ်ရမည်”ဟူသောအချက်နှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိရာ IDP Campsရှိအမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏အသက်အိုးအိမ်စည်းစိမ်ဘေးကင်းလုံခြုံရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦး၏ **ကျိုင်းတုံမြို့နယ် လွယ်မွေဒေသရှိ ကျေးရွာပေါင်း ၁၉ ရွာတွင် စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးအတွက် နောင်လျန်လျှိုပိတ်တမံတည်ဆောက်ပေးရန်မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကျိုင်းတုံ နောင်လျန်လျှိုပိတ်တမံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အကြိုပြင်ဆင်ခြင်းနှင့် လုပ်ငန်းတွင်အသုံးပြုမည့် စက်ယန္တရားများကြွေခိုင်ရေး အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းများအတွက် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီးဖြစ်ပါ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တမံတည်ဆောက်နိုင်ရန်အတွက် ၂၀၂၇ -၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံထားပြီးဖြစ်၍ ရန်ပုံငွေရရှိပါက လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။



ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ **ကလေးခရိုင် ပြည်သူ့အားကစားကွင်းကို အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ပြည်သူ့အားကစားကွင်းအတွင်းရှိ အထူးတန်းပွဲကြည့်စင်ပြုပြင်ခြင်းလုပ်ငန်းနှင့် မိုးလုံလေလုံအားကစားခန်းမပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတွင် ထည့်သွင်းလျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို သင့်လျော်သောဘဏ္ဍာနှစ်များတွင် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် လျာထားတင်ပြ တောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ် ပြည်သူ့အားကစားကွင်းတွင် ပွဲကြည့်စင်၊စားရိပ်သာနှင့် အိမ်သာတို့ကို တိုးချဲ့ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့အားကစားကွင်းကို တိုးချဲ့ပွဲကြည့်စင်နှစ်ခု ဆောက်လုပ်ခြင်းနှင့် ခြောက်ခန်းတွဲ သန့်စင်ခန်းတစ်လုံးဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တိုးချဲ့စားရိပ်သာဆောက်လုပ်ရန်မှာ အားကစားပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်မှုများကို ခရိုင်အဆင့်အားကစားကွင်းများတွင်သာ ပြုလုပ်လျက်ရှိပြီး ကော့မှူးမြို့နယ် အားကစားကွင်းသည် မြို့နယ်အဆင့်အားကစားကွင်းဖြစ်သည့်အတွက် စားရိပ်သာ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို လတ်တလောအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **ပြင်းထန်အယ်လ်နီညိုဖြစ်ပေါ်နေသည့်ကာလအတွင်း ရာသီဥတုဆိုးရွားစွာပြောင်းလဲဖြစ်ပေါ်နေမှုများမှ ကြိုတင်ကာကွယ်ရေးစီမံဆောင်ရွက်ထားရှိမှုများနှင့် လူထုအခြေပြုပါဝင်ဆောင်ရွက်နိုင်ရေး အသိပေးကြော်ငြာထုတ်ပြန်မည့်အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ပစိဖိတ်သမုဒ္ဒရာအတွင်း အယ်လ်နီညိုဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ အမြဲမပြတ်စောင့်ကြည့်လေ့လာ၍ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပုံမှန်ထက်အပူချိန်ပိုမိုမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် အစွန်းရောက်အပူလှိုင်းများဖြစ်ပေါ်နိုင်ခြေရှိကြောင်း ကြိုတင်သတိပေးချက်များကို ထုတ်ပြန်ပေးလျက်ရှိပါကြောင်း။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးအရေးပေါ်အခြေအနေများတွင် လျင်မြန်ထိရောက်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့်များ၌ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များ ကွင်းဆင်းအဖွဲ့များ ၁၅၆၂ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါကြောင်း။

သက်ဆိုင်ရာနိုးန္တယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်း၍ အပူရှောင်စခန်းများဖွင့်လှစ်နိုင်မည့်နေရာများကို ကြိုတင်ရွေးချယ်လျာထားခြင်း၊ အပူရှောင်စခန်းများဖွင့်လှစ်ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်သင့်သည့် ကျန်းမာရေးဆိုင်ရာအကြံပြုချက်များ ပေးအပ်ခြင်းနှင့် လျာထားသည့်နေရာများသို့ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိပါကြောင်း။

ကုသရေးဦးစီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံများတွင် အပူဒဏ်အန္တရာယ်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများဖြင့် လာရောက်ပြသသောလူနာများကို စနစ်တကျလက်ခံကုသပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ လုံလောက်၍ဘေးကင်းသော ရေအရင်းအမြစ်နှင့် အရေးပေါ်လျှပ်စစ်မီးရရှိနိုင်ရေး၊ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်း Supply Chain ပြတ်တောက်မှုမရှိစေရန်နှင့် ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန့်ရှင်းသောသောက်ရေနှင့်လုံလောက်သောသုံးရေဖူလုံစွာရရှိနိုင်ရေးအတွက် ဒေသအလိုက်မြေပေါ်ရေ၊ မြေအောက်ရေအရင်းအမြစ်ရရှိမှုများအပေါ်မူတည်၍ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၏ **စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးရန်၊ ဓာတ်လှေကားနှင့် Oxygen Plant တို့ကို အမြန်ပြုပြင်လဲလှယ်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ခုတင်-၃၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးတွင်လိုအပ်သော အထူးကုဆရာဝန်(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်)၊ အထူးကုဆရာဝန်(စိတ်ကျန်းမာ)၊ အထူးကုဆရာဝန်(အရေပြား)၊ အထူးကုဆရာဝန်(ကင်ဆာရောဂါ)၊ အထူးကုဆရာဝန်(မှုခင်း)တို့ကို ခန့်ထားပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် လူနာနှင့် သူနာပြုဦးရေအချိုးအရ လက်ရှိအခြေအနေတွင် လူနာများကို လုံလောက်စွာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ပါကြောင်း၊ သစ်လွင်သူနာပြုများခန့်ထားချိန်တွင် လုပ်ငန်းလိုအပ်ချက်နှင့် ခွဲတမ်းရရှိနိုင်မှုအပေါ်မူတည်၍ ထပ်မံခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ စစ်ကိုင်းမြို့ ခုတင်-၃၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးရှိ Oxygen Plant(NZO-30)နှင့် ဓာတ်လှေကား(Toco)တို့ကို ပြင်ဆင်ရန်အတွက် ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ်ဖြင့် ပြုပြင်ပေးရန်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ **ထန်းတပင်မြို့နယ် မရွေ့ကျေးရွာအနီးတွင် မြေနှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံလှူဒါန်းမည်ဖြစ်ပါသဖြင့် ခွင့်ပြုမိန့်ဆောင်ရွက်ပေးရန်နှင့် ဆောက်လုပ်ပြီးပါက ဝန်ထမ်းနှင့် ပစ္စည်းအင်အားကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများဆောက်လုပ်လှူဒါန်းရာတွင် ကျေးလက်ကျန်းမာရေးဌာန၊ဌာနခွဲ ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိပြီးမှသာ ဆောက်လုပ်လှူဒါန်းခွင့်ပြုပါကြောင်း၊ မရွေ့ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ပန်းတိုင်ကျေးလက်ကျန်းမာရေးဌာန ရေစိုကျေးလက်ကျန်းမာရေးဌာနခွဲအပိုင်တွင်တည်ရှိပြီး ရန်ကုန်-ပုသိမ်ကားလမ်းမကြီးဘေးတွင်တည်ရှိပါကြောင်း၊ မရွေ့ကျေးရွာနှင့်အနီး ကျေးရွာမှာချော်နဲကုန်းကျေးရွာဖြစ်ပြီး မရွေ့ကျေးရွာတွင် လူဦးရေစုစုပေါင်း ၁၄၀၇ ဦးနှင့် ချော်နဲကုန်းကျေးရွာ၏ လူဦးရေမှာ ၁၉၆ ဦးရှိပါကြောင်း၊ ရေစိုကျေးလက်ကျန်းမာရေးဌာနခွဲနှင့် မရွေ့ကျေးရွာသည် ၁ ဒသမ ၅ မိုင်ခန့်ကွာဝေးပြီး နွေ၊ မိုး၊ ဆောင်းသွားလာနိုင်သော ကွန်ကရစ်လမ်းရှိပြီး ကား၊ ဆိုင်ကယ်တို့ဖြင့် သွားလျှင် ၁၀မိနစ်ခန့်သာကြာမြင့်ပါကြောင်း၊ ရေစိုကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင် ကျေးရွာ ရှစ်ရွာ ရှိပြီး လူဦးရေ ၅၀၉၆ ဦးကို သားဖွားဆရာမ တစ်ဦးနှင့် ကျန်းမာရေးမှူး(၄) တစ်ဦး စုစုပေါင်း နှစ်ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း။

မရွေ့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ပါက အများဆုံးလာရောက်ပြသမည့် ကျေးရွာများမှာ မရွေ့ကျေးရွာနှင့် ချော်နဲကုန်းကျေးရွာ နှစ်ရွာသာရှိပြီး လူဦးရေအားဖြင့် ၁၆၀၃ ဦးသာရှိပါကြောင်း၊ မြေပြင်အခြေအနေပေါ်သုံးသပ်ချက်အရ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်ဖွင့်လှစ်ရန်အတွက် လိုအပ်ချက်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **မြောက်ဥက္ကလာပမြို့နယ်တွင် ဓာတ်အားခွဲရုံအသစ် တစ်လုံးကိုမည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ရန်ကုန်တိုင်းဒေသကြီးအစိုးရရန်ပုံငွေတို့ဖြင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းအသစ်များ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ၊ ဓာတ်အားဖြန့်ဖြူးရေးထရန်စဖော်မာများနှင့်ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်ခြင်းနှင့် အစားထိုးတည်ဆောက်ခြင်း၊ မီတာများဝယ်ယူခြင်း၊ Advanced Metering Infrastructure စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစသည့်လုပ်ငန်းများကို နှစ်အလိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ရေးဆွဲထားသည့်အစီအမံများနှင့်အညီ ခွဲဝေခွင့်ပြုရရှိမည့် ရန်ပုံငွေအပေါ်မူတည်၍ နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် မြောက်ဥက္ကလာပမြို့နယ်၌ ဖြန့်ဖြူးရေးခွဲရုံ ရှစ်ရုံတည်ဆောက်ခွင့်ရရှိထားပြီး ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်းများပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့နယ် ပြည်တောင်တန်းရေနံမြေ-ကွေ့မအုပ်စုဆိပ်ကမ်းလမ်းကို အဆင့်မြှင့်တင်ပေးမည်ဆိုပါက ဒေသခံပြည်သူများက ကူညီပေးလိုပါသဖြင့် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ပြည်တောင်တန်းရေနံမြေစခန်းအမှတ်(၂)နှင့်ကွေ့မသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မြေသားလမ်းအရှည်

ခုနစ်မိုင်ကို အကျယ် ၁၅ ပေ၊ တစ်ပေ၃၅၅ ကွန်ကရစ် လမ်းအဖြစ်အဆင့်မြှင့်တင်ပြုပြင်မည်ဆိုပါက ဒေသ ပေါက်ဈေးနှုန်းများဖြင့် တွက်ချက်မှုအရ ခန့်မှန်းငွေကျပ် ၆ ဒသမ ၅ ဘီလီယံခန့်ကုန်ကျမည်ဖြစ်ပြီး အဆိုပါရေနံမြေသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက တာဝန်ယူဆောင်ရွက်နေသည့် ရေနံမြေဖြစ်ပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှုအကျိုးရရှိစေရန် အလေးထားဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှုအကျိုးရရှိစေရေးဆောင်ရွက်နေရသော လုပ်ငန်းအနေဖြင့် ဌာန၏လုပ်ငန်းများအတွက် အခါအားလျော်စွာသာအသုံးပြုနေရသည့်လမ်းကို အဆင့်မြှင့်တင်နိုင်ရေးရန်ပုံငွေလျာထားတောင်းခံရန်ခက်ခဲပါသဖြင့် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းအတွက် ဆောင်ရွက်ပေးရန်အစီအစဉ်မရှိသေးပါကြောင်းနှင့် လက်ရှိမြေသားလမ်းထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်သောနေရာများကို ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေကို နယ်မြေခံပြည်သူများနှင့်ပူးပေါင်းပြီး အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သံဖြူဇလပ်မဲဆန္ဒနယ်မှ ဦးသန်းရွှေ၏ **မွန်ပြည်နယ်ရှိ လယ်ယာကဏ္ဍများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ငါးဖမ်းစက်လှေများအတွက် စက်သုံးဆီကိုတစ်မြို့နယ်လျှင် တစ်ဆိုင်သီးသန့်ရောင်းချပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက မွန်ပြည်နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များသည် စက်သုံးဆီရောင်းချမှုကို QR Code၊ Bar Code စနစ်ဖြင့် လည်းကောင်း၊ QR Code၊ Bar Code စနစ်ဖြင့် ဝယ်ယူနိုင်ခြင်းမရှိသည့် ထွန်စက်၊ ထော်လာဂျီစသည်တို့အတွက် စာရင်းမှတ်စနစ်ဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိပါကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ စက်သုံးဆီလိုအပ်သောလုပ်ငန်းကဏ္ဍအမျိုးအစားအလိုက် အချက်အလက်အထောက်အထားများဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြလာပါက သက်ဆိုင်ရာဌာနများက စနစ်တကျစိစစ်စေပြီး လုပ်ငန်းအမျိုးအစားအလိုက် အမှန်တကယ်လိုအပ်သော စက်သုံးဆီပမာဏကို လုံလောက်စွာခွင့်ပြုရောင်းချပေးလျက်ရှိပါကြောင်း။

လယ်ယာကဏ္ဍဖြစ်သည့် မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများအတွက် တောင်သူများအနေဖြင့် မိမိတို့၏ လယ်ယာမြေများနှင့်အနီးဆုံးရှိ စက်သုံးဆီအရောင်းဆိုင်များတွင် အလွယ်တကူဝယ်ယူရရှိနိုင်ရေး မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင် ၁၁၉ ဆိုင်ကို မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများအတွက် ၂၀၂၆ခုနှစ် အောက်တိုဘာလတွင် ပထမအကြိမ် စက်သုံးဆီဂါလန် သုံးသိန်း ခြောက်သောင်းကျော်ကိုရောင်းချနိုင်ရေးခွဲဝေချထားပြီးဖြစ်ပါကြောင်း။

လယ်ယာကဏ္ဍအပြင် စက်ရုံ၊ အလုပ်ရုံများ၊ ကမ်းနီးကမ်းဝေး ငါးဖမ်းစက်လှေများအတွက်လည်း မြို့နယ် ၂၁ မြို့နယ်မှ စက်သုံးဆီအရောင်းဆိုင် ၄၂ ဆိုင်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် စက်သုံးဆီ ၃၀၃၉၅၇ ဂါလန်ခွဲဝေချထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် လယ်ယာကဏ္ဍအသုံးပြုရန်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့် စက်သုံးဆီများလျှောက်ထားလာပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနပိုင် ရေနံဓာတုဗေဒစက်ရုံ (သံပရာကန်)၏ ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် လက်ကျန်အခြေအနေအပေါ်မူတည်ပြီး ရောင်းချပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှားမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှားမြို့ရှိ နိုင်ငံ့ဝန်ထမ်းများနေထိုင်ရေးအတွက် RC လေးထပ်ဆောင်တစ်လုံးကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က ရှမ်းပြည်နယ် မိုင်းရှားမြို့တွင် ဝန်ထမ်းအိမ်ရာများကို စီမံဆောက်လုပ်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မြေနေရာရရှိရေးကို ကနဦးလျာထားဆောင်ရွက်ရမည်ဖြစ်ပြီး မြေနေရာသတ်မှတ်ပြီးလျှင် ဝန်ထမ်းအိမ်ရာလိုအပ်ချက်ကိုစိစစ်၍ နှစ်အလိုက် ရန်ပုံငွေလျာထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေအရ လျာထားဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးရန်ကျော်၏ **မက်မန်းမြို့တွင် အရာထမ်းအိမ်ရာ တစ်လုံးနှင့် အမှုထမ်းအိမ်ရာ နှစ်လုံးတို့ကိုဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က ရှမ်းပြည်နယ် မက်မန်းမြို့တွင် ဝန်ထမ်းအိမ်ရာများကို စီမံဆောက်လုပ်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မြေနေရာရရှိရေးကို ကနဦးလျာထားဆောင်ရွက်ရမည်ဖြစ်ပြီး မြေနေရာသတ်မှတ်ပြီးလျှင် နှစ်အလိုက် ခွင့်ပြုရန်ပုံငွေအပေါ်မူတည်၍ ပြည်နယ်အတွင်း မြို့အလိုက် အိမ်ရာအခက်အခဲရှိသော ဝန်ထမ်းအိမ်ရာများကို လျာထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေအရ လျာထားဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၏ **အောင်လံခရိုင်အတွင်း ရန်ကုန်-ပြည်-မန္တလေးလမ်းပိုင်းများကို စာချုပ်ပါအတိုင်း မည်ကဲ့သို့ ပြုပြင်ထိန်းသိမ်းလျက်ရှိပြီး မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်နှင့် ပျက်စီးနေသည့်လမ်းပိုင်းများကို အမြန်ဆုံးပြုပြင်နိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က မကွေးတိုင်းဒေသကြီး အောင်လံခရိုင်အတွင်း BOT စနစ်ဖြင့်ဆောင်ရွက်လျက်ရှိသော ရန်ကုန်-ပြည်- မကွေး-မန္တလေးလမ်းပိုင်းကို လမ်းသားချောမွေ့ကောင်းမွန်စေပြီး ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်စီမံချက်ရေးဆွဲ၍ဆောင်ရွက်လျက်ရှိပြီး စီမံချက်များအတိုင်း ပြီးစီးအောင် လမ်းဦးစီးဌာန ခရိုင်၊ မြို့နယ်အဆင့်ဆင့်က အနီးကပ်ညှိနှိုင်းကြ၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ် ကာလိမြို့ရှိ ပြည်ထောင်စုလမ်းမကြီး သုံးမိုင်ကို အဆင့်မြှင့်တင်ပေးရန်နှင့် လမ်းပုခုံးသားများပြုပြင်ခဲ့ထွင်ပေးပါရန် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က **ကွန်ဟိန်းမြို့နယ် ကာလိမြို့ရှိ ပြည်ထောင်စုလမ်းမကြီး သုံးမိုင်သည်** မိတ္ထိလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း၏ မိုင်တိုင်(၂၆၂/၆)မှ (၂၆၅/၆)ထိ သုံးမိုင်အရှည်ရှိသည့်လမ်းအပိုင်းဖြစ်ပြီး ပြည်ထောင်စုအစိုးရမှစီမံခန့်ခွဲသောလမ်းဖြစ်၍ လက်ရှိလမ်းအခြေအနေမှာ ၁၈ ပေအကျယ်ကတ္တရာလမ်းဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၊ပြည်နယ်ရန်ပုံငွေဖြင့် ၁၈ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၆ ဒသမ ၆ ဖာလုံ၊ ၂၄ ပေ အကျယ်ကတ္တရာလမ်းခွဲခင်းခြင်း တစ်ဖာလုံနှင့်ကျောက်စီရေမြောင်းတည်ဆောက်ခြင်း ၅၅၈ ပေ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၄ ပေအကျယ် ကတ္တရာလမ်းခွဲခြင်း ခုနစ်ဖာလုံဆောင်ရွက်ရန်လျာထားပါကြောင်းနှင့် ကျန်ရှိသည့်လမ်းပိုင်းကို ၁၈ ပေအကျယ်ကတ္တရာလမ်းအဆင့်မှ ၂၄ ပေအကျယ်ကတ္တရာလမ်းခွဲခင်းခြင်းနှင့် အမာခံလမ်းပုခုံးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု၊ ပြည်နယ်(ဖြည့်စွက်)ရန်ပုံငွေမှစတင်၍ နှစ်အလိုက် လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေးတွင်အချိန်ကပ်ပြီး ထပ်မံရောက်ရှိလာသည့် မေးမြန်းရန်ကျန် ကြယ်ပွင့်ပြမေးခွန်း ၃၂ ခုနှင့် ဖြေဆိုရန်ပေးပို့ထားဆဲ ကြယ်ပွင့်ပြ မေးခွန်း ၆၆ ခု ကျန်ရှိနေပါကြောင်း၊ အဆိုပါ မေးခွန်းများကို တတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ဦးစားပေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ယခုကျင်းပလျက်ရှိသည့် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ၂၉ ရက်ကျင်းပခဲ့ပါကြောင်း၊ လွှတ်တော်၏အဓိကတာဝန်တစ်ရပ်ဖြစ်သည့် ဥပဒေပြုရေးလုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် တတိယပုံမှန်အစည်းအဝေးကာလအတွင်း ဥပဒေကြမ်း လေးခု အတည်ပြုခြင်းကိုဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော် သတ္တုဗေဒသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအနေဖြင့် "မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်း"ကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းခဲ့ကြောင်း၊ နည်းဥပဒေများအနေဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများကို ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး နည်းဥပဒေ သုံးခုကို လွှတ်တော်ကိုယ်စားလှယ်များ လေ့လာနိုင်ရန်ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်တွင်ဖွဲ့စည်းထားသည့်ကော်မတီ ၂၂ ရပ်၏ ဆောင်ရွက်ချက်များအနေဖြင့် စီစစ်ရန် ခွဲဝေပေးထားသည့်တည်ဆဲဥပဒေများကို စီစစ်သုံးသပ်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးကာလအတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၇၈ ကြိမ်၊ ပြင်ပဧည့်သည်များနှင့် တွေ့ဆုံဆွေးနွေးခြင်း ၉၆ ကြိမ်၊ သီးခြားအလုပ်ရုံဆွေးနွေးပွဲ ၁၉ ကြိမ်နှင့် Seminar ၁၃ ကြိမ်ကိုဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ လွှတ်တော်အစည်းအဝေးကာလကြယ်ပွင့်ပြမေးခွန်းပေါင်း ၂၈၇ ခု၊ ကြယ်ပွင့်မပြမေးခွန်းပေါင်း ၂၅၃ ခုကို ကိုယ်စားလှယ် ၂၂၃ ဦးက မေးမြန်းခဲ့ကြပြီး အဆို ကိုးခုကိုလည်း တင်သွင်းခဲ့ကြပါကြောင်း။

ကြယ်ပွင့်ပြမေးခွန်းပေါင်း ၂၈၇ ခုတွင် ကတိကဝတ်အဖြစ် ၁၅၂ ခု၊ ကတိမဖြစ် ၁၂၀ ရှိခဲ့ပါကြောင်း၊ ကြယ်ပွင့်မပြမေးခွန်းပေါင်း ၂၅၃ ခုတွင် ကတိကဝတ်အဖြစ် ၁၅၁ ခု၊ ကတိမဖြစ် ၇၄ ခုရှိခဲ့ပါကြောင်း၊ ဆွေးနွေးပြီးခဲ့သည့် အဆို ခုနစ်ခုတွင် အတည်ပြု တစ်ခုနှင့် မှတ်တမ်းတင်စောင့်ကြည့် ခြောက်ခုတို့ဖြစ်ပါကြောင်း။

သက်တမ်းအားဖြင့် တိုတောင်းသေးသည့် မိမိတို့လွှတ်တော်အကြောင်းကို ပိုမိုသိရှိနားလည်စေရန်နှင့် မျက်မြင်ဖြစ်စေရန်ရည်ရွယ်ပြီး ပထမအဆင့်အနေဖြင့် လွှတ်တော်လေ့လာရေးခရီးစဉ်များဖိတ်ခေါ်ပြီး ပြည်သူနှင့် နီးစပ်စွာထိတွေ့ရေးလမ်းကြောင်းကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ လာရောက်လေ့လာသူများကို တာဝန်ရှိသူတို့က မြေပြင်တွင်လိုက်လံရှင်းလင်းပြသခြင်း၊ ဥက္ကဋ္ဌက သီးခြားတွေ့ဆုံပြီး လွှတ်တော်၏အခန်းကဏ္ဍ၊ စုဖွဲ့မှု၊ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောဆိုခြင်း၊သိလိုသည်များကိုမေးမြန်းဖြေကြားခြင်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံရေးပါတီဝင်များ၊ ဝန်ထမ်းများ၊ အလွှာစုံကလူပုဂ္ဂိုလ်များအပါအဝင် လာရောက်လေ့လာသူပေါင်း ၁၂၆၅ ဦးရှိခဲ့ပြီး ပထမအကြိမ် ပုံမှန်အစည်းအဝေးကာလမှ ယနေ့ထိ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အနုပညာရှင်များအပါအဝင် လေ့လာသူဦးရေ ၃၀၀၀ ကျော်ရှိခဲ့ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် လေ့လာရေးလာရောက်သူများ လွှတ်တော်ဆောင်ရွက်ချက်များကို စိတ်ဝင်တစားရှိစေရန်အတွက်ဆောင်ရွက်ရသည့် သရုပ်ပြလွှတ်တော်ကို နှစ်ကြိမ်တိုင် လက်တွေ့ပြသဆောင်ရွက်နိုင်ခဲ့ပြီး လွှတ်တော်၏လုပ်ငန်းစဉ်များကို မီဒီယာကတစ်ဆင့် ထိတွေ့သိရှိနိုင်ရန်အတွက် ပြည်သူ့လွှတ်တော် Website၊ Youtube Channel၊ Civic Echo Tik Tok Account တစ်ခုကိုပါဖွင့်လှစ်ထားရှိဆောင်ရွက်ခဲ့သည့်အတွက် ဝင်ရောက်ကြည့်ရှုသူများတစ်ရက်ထက်တစ်ရက် ပိုမိုများပြားလာပြီး ပြည်သူနှင့်ထိတွေ့မှု၊ လွှတ်တော်ကို နားလည်မြင်တွေ့လာနိုင်မှုများလည်း ပိုမိုများပြားလာသည်ဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့်သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းဌာနများနှင့် နေ့စဉ်မနက်တိုင်းတွေ့ဆုံပြီး တစ်ရက်တာလွှတ်တော်အစီအစဉ်နှင့် ယမန်နေ့က လွှတ်တော်အစည်းအဝေး၏ အမေး၊ အဖြေ အတိုချုပ်ရှင်းလင်းခြင်းများကို ပါဆောင်ရွက်ပေးခဲ့ပါကြောင်း။

ပြည်သူကို အကူအညီပေးသည့် ကဏ္ဍအနေဖြင့် လွှတ်တော်၏ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီက တိုင်ကြားစာပေါင်း ၅၆၀ အနက် ၄၉၉ စောင်ကို ဖြေရှင်းပေးခဲ့ပြီး ၆၁ စောင်ကို သက်ဆိုင်ရာဌာနများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ အလားတူ သက်ဆိုင်ရာကော်မတီများကို အကူအညီတောင်းသည့်စာ ၁၃၈ စောင် ရောက်ရှိခဲ့ပြီး ဖြေရှင်းဆောင်ရွက်ခြင်း၊ လွှဲပြောင်းပေးခြင်းများကိုလည်း စနစ်တကျဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် Online မှတစ်ဆင့် တိုင်ကြားစာပေးပို့နိုင်သည့် Online Petition System ကိုလည်း စတင်ဆောင်ရွက်ရန် စီမံနေပြီဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များကို အသိပညာမျှဝေသည့် အစီအစဉ်များ ယခုပုံမှန်အစည်းအဝေးကာလတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက "နိုင်ငံတော်၏ လျှပ်စစ်ကဏ္ဍဆိုင်ရာဆောင်ရွက်ချက်များ" ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်ပြီး ကိုယ်စားလှယ်များအားလုံးကို မေးခွန်းများ၊ အဆိုများ ပိုမိုအားကောင်းလာစေရန်နှင့် ကိုယ်စားလှယ်များ၏ ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခြင်းများပြုလုပ်နိုင်ခဲ့ပါကြောင်း။

လွှတ်တော်၏ နိုင်ငံတကာဆက်ဆံရေးကဏ္ဍတိုးမြှင့်ဆောင်ရွက်ခဲ့ရာ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့ ၁၄ ဖွဲ့ကို နိုင်ငံ ၁၄ နိုင်ငံမှ လွှတ်တော်များနှင့် Parliamentary Friendship Group များ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံလွှတ်တော်အနေဖြင့် အလားတူအဖွဲ့မျိုးဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း အကြောင်းပြန်ကြားလာပါကြောင်း။

နောင်အနာဂတ်ကာလတွင် မိမိတို့လွှတ်တော်ကို စွမ်းရည်မြင့်မားပြီး ပြည်သူဗဟိုပြုခေတ်မီလွှတ်တော်တည်ဆောက်ရန်ဖြစ်ပါကြောင်း၊ ယခုမျှော်မှန်းချက်အတွက် ပြည်သူ့လွှတ်တော်မဟာဗျူဟာစီမံကိန်း ၂၀၂၇-၂၀၃၁ ကို ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ စီမံကိန်းတွင် မဟာဗျူဟာ (၆)ရပ်ချမှတ်ထားပြီး နည်းဗျူဟာ ၂၈ ခု နှင့် ထိထိရောက်ရောက် အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံထားရှိပါကြောင်း။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ယနေ့ထိ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းစသည်များကို လုံးဝမေးမြန်းဆောင်ရွက်ခြင်းမရှိသည့် ရွှေကောက်ခံကိုယ်စားလှယ် ၂၂ ဦး ကျန်ရှိနေသေးကြောင်းစိစစ်တွေ့ရှိရပါကြောင်း၊ မိမိတာဝန်နှင့် အခွင့်အရေးကို အမိအရအသုံးချစေလိုကြောင်း ပြောကြားလိုပါကြောင်း။

ကမ္ဘာ့နိုင်ငံအနှံ့အပြားက လွှတ်တော်များတွင်များသောအားဖြင့် လွှတ်တော်တစ်ရပ်၏အောင်မြင်မှုကို စံနှုန်း ၁၀ ခုဖြင့် တိုင်းတာသည်ဟု လေ့လာသိရှိရပါကြောင်း၊ ၎င်းတို့မှာ (၁) နိုင်ငံတော်နှင့် ပြည်သူအတွက်လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းနိုင်မှု၊ပြင်ဆင်နိုင်မှု၊အကောင်အထည်ဖော်နိုင်မှုနှင့် ပြန်လည်သုံးသပ်နိုင်မှု၊ (၂) နိုင်ငံတော်နှင့် ထိရောက်စွာပေါင်းစပ်ဆောင်ရွက်နိုင်မှု၊ (၃) ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ထိရောက်စွာကိုယ်စားပြုနိုင်မှု၊ (၄) ဘဏ္ဍာရေးဆိုင်ရာ စနစ်တကျစိစစ်စီမံခန့်ခွဲနိုင်မှု၊ (၅) လုပ်ငန်းကော်မတီများ၏ စွမ်းဆောင်ရည်မြင့်မားမှု၊ (၆) ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်မြင့်မားမှု၊ (၇) ခေတ်မီစနစ်နှင့်ပွင့်လင်းမြင်သာမှု၊ (၈) ကိုယ်စားလှယ်များ၏ စည်းကမ်းနှင့် ကျင့်ဝတ်ဆိုင်ရာလိုက်နာမှု၊ (၉) နိုင်ငံတကာဆက်ဆံရေးကျယ်ပြန့်မှုနှင့် စံနှုန်းများ၊ (၁၀) ပြည်သူယုံကြည်မှုနှင့် အကျိုးသက်ရောက်မှုစသည်တို့ပင်ဖြစ်ပါကြောင်း။

ယင်းအချက်များကို တိုင်းတာရမည့် ပေတံများအဖြစ် သတ်မှတ်ထားကြပြီး မိမိတို့အားလုံးတက်ညီလက်ညီဖြင့် ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရမည်ဆိုသည်မှာ ပကတိအမှန်တရားဖြစ်ပါကြောင်း။

လွှတ်တော်ကို ခေတ္တရပ်နားချိန်တွင် မိမိမဲဆန္ဒနယ်မြေတိုင်းကို ကွင်းဆင်းသွားရောက်ပြီး မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံကြရန်၊ ပြည်သူ့အသံကို နားထောင်ဆွေးနွေးခြင်းများဆောင်ရွက်ကြရန်၊အကြောင်းအမျိုးမျိုးကြောင့် သွားလာရေးခက်ခဲပါက မိမိဒီဗာန်ညီးလမ်းဖြင့် မဖြစ်မနေဖြန့်ကြက်ထိတွေ့ကြရန် အကြံပြုလိုပါကြောင်း၊ ပြည်သူ့ကခန့်အပ်တာဝန်ပေးထားသည့် ပုဂ္ဂိုလ်များပီပီ လွှတ်တော်အတွင်းမှာသာမက လွှတ်တော်ပြင်ပတွင် ကိုယ်စားလှယ်ကြီးများ၏ ကျင့်ဝတ်စည်းကမ်းများကို ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေးကျင်းပပြီးစီးကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တတိယအကြိမ် လွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာပြီးမြောက်ခြင်း ဂုဏ်ပြုညစာစားပွဲကျင်းပ





နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ် လွှတ်တော်များ၏ တတိယ ပုံမှန်အစည်းအဝေးများ အောင်မြင်စွာပြီးမြောက်ခြင်း ဂုဏ်ပြုညစာစားပွဲကို ယနေ့ည၀ိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် ထမင်းစားခန်းမကြီး (B)ဆောင်၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စု လွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ပြည်ထောင်စု လွှတ်တော်နာယကသည် တက်ရောက်လာကြသူများနှင့်အတူ ညစာကိုအတူတကွသုံးဆောင်ကြပြီး ညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ပြည်ထောင်စု လွှတ်တော်နာယက က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒကွိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့မှ ဒေသခံပြည်သူများကို လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ အစည်းအဝေးသို့ လာရောက်လေ့လာသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒကွိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့မှ ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒကွိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့မှ ပြည်သူများအနေဖြင့် လွှတ်တော်ကို ယခုကဲ့သို့ စိတ်ပါဝင်စားစွာ လာရောက် လေ့လာသည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ၂၀၂၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲများ ကျင်းပပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာသည့်အခြေအနေများ၊ မိမိတို့ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် နိုင်ငံအကျယ်အဝန်း၊ တိုင်းရင်းသားလူမျိုးစုများနှင့် လူဦးရေအပေါ်မူတည်၍ လွှတ်တော်နှစ်ရပ်စနစ် (Bicameral) စနစ် ကျင့်သုံးမှုအခြေအနေများ၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် လွှတ်တော်က အသစ်ပြဋ္ဌာန်းပေးလိုက်သော အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေနှင့် အခြားလက်ရှိတည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မဏ္ဍိုင်ကြီးသုံးရပ် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးဆောင်ရွက်နေသည့် အခြေအနေများ၊ လွှတ်တော်တွင် ပြည်သူများက ရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်များအနေဖြင့် ပြည်သူကို ကိုယ်စားပြုပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်အတွင်း မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းဆောင်ရွက်ခြင်းနှင့် ပြည်သူ့အသံများကို လွှတ်တော်မှတစ်ဆင့် ဖော်ထုတ်ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကော်မတီများဖွဲ့စည်းမှုအခြေအနေများ၊ မိမိတို့လွှတ်တော် အနေဖြင့် ပြည်သူများအား ကိုးအားထားပြုရာ မဏ္ဍိုင်တစ်ရပ်ဖြစ်စေရန်အတွက် လွှတ်တော်ကို စွမ်းရည်မြင့်မားပြီးပြည်သူကိုဗဟိုပြုသည့် ခေတ်မီလွှတ်တော် ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော် မဟာဗျူဟာစီမံကိန်း (၂၀၂၇-၂၀၃၁) ငါးနှစ်စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိပြီး "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပုဗ္ဗသီရိမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ၂၇ ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး (27th ASEAN Chiefs of Army Multilateral Meeting 27th ACAMM) တက်ရောက်ရန် မလေးရှားနိုင်ငံသို့ရောက်ရှိ



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းအား မလေးရှားတပ်မတော်မှ အမှတ်(၁၁)တပ်မဟာမှူး ဗိုလ်မှူးချုပ်ဒါတိုဆဖ်ဝမ်နှင့်တာဝန်ရှိသူများက ကြိုဆိုကြစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးပါနာ ကလာ အူပလော့တွတ် (Pana Claew-plodtook)တို့ တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၆

မလေးရှားနိုင်ငံ၌ ကျင်းပမည့် ၂၇ ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး (27th ASEAN Chiefs of Army Multilateral Meeting-27th ACAMM)သို့ တက်ရောက်မည့် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့ရာ မလေးရှားတပ်မတော်မှ အရာရှိကြီးများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကျော်မိုး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ညီညီဦးနှင့် ဧနီး၊ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့သည် ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ပြီး မလက္ကာမြို့ရှိ Double Tree



ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းအား မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မလေးရှားတပ်မတော်မှ အရာရှိကြီးများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

Hotel သို့ရောက်ရှိကြရာ မလေးရှားတပ်မတော်မှ အမှတ်(၁၁) တပ်မဟာမှူး ဗိုလ်မှူးချုပ်ဒါတိုဆဖ်ဝမ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ညနေပိုင်းတွင် အဆိုပါ ဟိုတယ်ရှိ Strait-1 ခန်းမ၌ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးပါနာ ကလာ အူပလော့တွတ် (Pana Claew-plodtook)နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)တို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် မူးယစ်ဆေးဝါး၊ တရားမဝင်နယ်စပ်ကုန်သွယ်ရေးဆိုင်ရာများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးကာကွယ်နိုင်စွမ်းလျက်ရှိမှုကိစ္စရပ်များ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ တချို့၏ အကာအကွယ်ဖြင့် နှစ်နိုင်ငံနယ်စပ်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများကျူးလွန်ရာ၌ လိုအပ်သည့် ရိက္ခာ၊ စက်သုံးဆီ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး အထောက်အကူပြုပစ္စည်းများကို ထိုင်းနိုင်ငံဘက်မှ ပူးပေါင်းကာကွယ်တားဆီးပေးရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

❍ အားကောင်းသောမုန်တိုင်းငယ်မှ

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။


အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့၌ ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm)အဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း(Severe Cyclonic Storm)အဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းခြေအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ နေ့လယ်မှ နိုဝင်ဘာ ၂၀ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့်ရော်ကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/၈လ)

၁၆-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၂:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ



သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။

ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့လယ်ကုန်းရပ်ကွက်ရှိ နားဇရင်းယာယီနေရပ်စွန့်ခွာစခန်းနေ တိုင်းရင်းသားပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့်လေးလက်မစက်ရေတွင်းတူးဖော်ပြီးစီးမှု အခြေအနေကို ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်သည် ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ယာယီနေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ အဆိုပါရုံးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာတင်ပြချက်အပေါ် လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကာ ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ရှိ အမှတ်(၂) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ အဆိုပါသင်တန်းကျောင်းမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပြီး ကျောင်းသား၊ ကျောင်းသူများကို ဘက်စုံထူးချွန်သူများ၊ ဗလငါးတန်နှင့်ပြည့်စုံ၍ နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် နိုင်ငံ့သားကောင်းရတနာများဖြစ်လာစေရေး၊ စာပေပညာရပ်များအပြင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်ပြီး ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်နှင့်ဆင်ခြင်တုံတရားမြင့်မားလာစေရေးအတွက် အလေးထားလေ့ကျင့်သင်ကြားပြုစု ပျိုးထောင်သွားကြရန် မှာကြား၍ ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှေ့ဖုံးမှအဆက်

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတော်အခြေပြမိန့်ခွန်းနှင့် သဝဏ်လွှာပါအချက် ၄၃ ချက်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)အရ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် သဘောတူချုပ်ဆိုထားသည့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊ (၂)၊ (၃)တို့ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပေးပို့ထားပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ သဝဏ်လွှာကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊ (၂)၊ (၃)တွင်ပါသည့် အချက်အလက်များနှင့် NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီအစုအဖွဲ့များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဆွေးနွေးသဘောတူညီထားသည့် အချက် ၄၃ ချက်တွင်ပါသည့် အချက်အလက်များကို လေ့လာသုံးသပ်ပြီး နိုင်ငံတော်ပကတိအခြေအနေနှင့် ကိုက်ညီသည့် ပြဋ္ဌာန်းချက်အဖြစ် ပြင်ဆင်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခု တတိယအကြိမ် လွှတ်တော်သက်တမ်းကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် သဝဏ်လွှာပါ အချက် ၄၃ ချက်ကို အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဥပဒေပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထူးခြားချက်အနေဖြင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအတွက် အကြံပြုချက်များကို အခြေခံပြီး အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သော်လည်း မိမိတို့ တတိယအကြိမ် လွှတ်တော်သက်တမ်းကာလတွင် NCA အရ Union Accord အထိကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးသဘောတူထားသည့် Resources အခြေခံအရင်းအမြစ်များ ရှိထားပြီးဖြစ်သည့် Union Accord အစိတ်အပိုင်း (၁)၊ (၂)၊ (၃) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် အချက် ၄၃ ချက်တို့ ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ကို တတိယအကြိမ် ပြင်ဆင်ရန် ထူးခြားသည့် အချက်ပင်ဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆောင်ရွက်ကြရာတွင် ပြင်ဆင်၊ ဖြည့်စွက်ဆွေးနွေးရမည့်အချက်များသည် ခိုင်ခိုင်မာမာရှိပြီးဖြစ်သည့် အချက်များအပေါ် ဆွေးနွေးပြီး ရလဒ်အတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် ယခုလုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂)ပါအတိုင်း ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေမူကြမ်းတစ်ခု လိုအပ်ပါကြောင်း၊ ထို့အတွက် အခြေခံအချက် ၄၃ ချက် ရှိပြီးဖြစ်သည့်အတွက် အခြေခံကောင်းများကို မူတည်ပြီး ဥပဒေမူကြမ်းတစ်ရပ် ရေးဆွဲရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခု ပူးပေါင်းကော်မတီကို ဖွဲ့စည်းတာဝန် ပေးအပ်ရခြင်းဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေဖြစ်ပြီး အုပ်ချုပ်ရေးစနစ်၊ နိုင်ငံသားအခွင့်အရေးနှင့် အာဏာခွဲဝေမှုတို့ကို ပြဋ္ဌာန်းထားသည့် အတွက် နိုင်ငံ၏အသက်သွေးကြောအဖြစ် ရှုမြင်ကြပါကြောင်း၊ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့်ပတ်သက်၍ နိုင်ငံရေးနှင့် ဥပဒေရေးရာနယ်ပယ်များတွင် ရှုထောင့်အမျိုးမျိုးနှင့် ဆွေးနွေးငြင်းခုံလေ့ရှိကြသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ပူးပေါင်းကော်မတီအနေဖြင့် နိုင်ငံတော်အကျိုးဖြစ်ထွန်းပြီး ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်စေမှုမရှိအောင် အလေးအနက်ထားသုံးသပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယနာယက Jeng Phang နော်တောင်က ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက ပူးပေါင်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လွှတ်တော်တွင်းရှိ နိုင်ငံရေးပါတီများနှင့် တပ်မတော်သားကိုယ်စားလှယ်များ စုံညီစွာ ဖွဲ့စည်းထားသည့်ပူးပေါင်းကော်မတီအနေဖြင့် သဘောထားကွဲလွဲမှုများရှိလာပါက နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရှေးရှုကာ အပြန်အလှန်လေးစားယုံကြည်မှုဖြင့် ညှိနှိုင်းဆွေးနွေးကြရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာဥပဒေ၊နည်းဥပဒေများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေများကိုလည်း ကြိုတင်လေ့လာထားကြရန်နှင့် ကော်မတီ၏ ကြိုးပမ်းမှုများမှတစ်ဆင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် အားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၈၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၈၃၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၅၅၊ ၀၂-၄၀၂၁၄၅၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်း အခြေခံသင်တန်းအမှတ်စဉ်(၃/၂၀၂၆) သင်တန်းဖွင့်





မန္တလေး နိုဝင်ဘာ ၁၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်း အခြေခံသင်တန်းအမှတ်စဉ်(၃/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် ရတနာပုံစူပါစင်တာရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MR-CCI)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ MRCCI ဥက္ကဋ္ဌနှင့် ညီနောင်အသင်းဝင်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MR-CCI)ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာန ပို့ကုန်သွင်းကုန်ရုံး(မန္တလေး) ညွှန်ကြားရေးမှူးက ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လိုက်နာသိထားသင့်သည့် ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၀ ရက်ထိဖွင့်လှစ်သွားမည်ဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်းများ၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ ကျွမ်းကျင်အရာရှိများက သင်ကြားပို့ချသွားမည်ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပန်းတိုင်အထွက်နှုန်းပြည့်မီရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၆၅ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၆

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၆၅ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရဇော်လွင်စိုး ၆၅ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်များကို ဗလာမပါကံစမ်းမဲ ဖောက်ပေးစဉ်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို စစ်ရေးပြအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ ထို့နောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဆုချီးမြှင့်ပွဲကို တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ဆက်လက်ပြုလုပ်ရာ သင်တန်းများ၊ အားကစားပြိုင်ပွဲများနှင့် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသည့် အရာရှိ၊ စစ်သည်များနှင့် အိမ်ထောင်သည်ရဲမေများ၊ ပညာရည်ချွန်ဆုရရှိကြသူများနှင့် အိမ်ထောင်သည် လိုင်းခန်းဘက်စုံအကောင်းဆုံးဆုရရှိကြသူများကို ဂုဏ်ပြုဆုများကိုလည်းကောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် တူညီဝတ်စုံများကိုလည်းကောင်း တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ထို့ပြင် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

၁၆-၁၁-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၂ ~ ၃၆၆၅.၈	၅၁၇.၆ ~ ၅၁၇.၇	၁၂၅.၄ ~ ၁၂၅.၆	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၃,၃၆၂,၄၇၅.၆၆	၅,၂၈၀,၃၂၃.၀၀	၆၅,၄၇၂,၂၄၈.၂၆	-

တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ် ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမ အထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဒေါ်သင်းသင်းနွဲ့၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချို၊ ဒေါက်တာမျိုးဝင်းအောင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ် (၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၄/၂၀၂၆ (ဇရာဝတီ)၊ ၃၆/၂၀၂၆ (မွန်) ၊ ၃၇/၂၀၂၆ (ရန်ကုန်)နှင့် ၃၉/၂၀၂၆ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၆/၂၀၂၆ (မန္တလေး) နှင့် တရားမအထူးအယူခံမှုအမှတ် ၁၄/၂၀၂၆ (ရန်ကုန်)၊ ၂၁/၂၀၂၆ (ရန်ကုန်)၊ ၃၈/၂၀၂၆ (ကရင်)နှင့် ၄၀/၂၀၂၆ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

"ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"နိုင်ငံ၏ အဖိုးတန်သဘာဝသယံဇာတများကို ခိုးယူသုံးစွဲရံသာမက ပြည်သူ့အကျိုးစီးပွားထိခိုက်စေမည့်လုပ်ရပ်များကို ဥပဒေမဲ့စွာကျူးလွန်နေကြတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ၁၈-၁၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၅-၁၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"စစ်ရေးပစ်မှတ်မဟုတ်တဲ့ ပြည်သူပိုင်အဆောက်အအုံတွေကို ယုတ်မာရိုင်းစိုင်းစွာ ရည်ရွယ်ချက်ရှိရှိ ခြိမ်းခြောက်ဖျက်ဆီး တိုက်ခိုက်နေကြတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ



လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပန်လီရွာရှိ နယ်မြေခံ တပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဘ၊ မောင်နှမ၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမအား သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကိုတက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အဝတ်၊ အစာ၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်း ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



❑ ကြည့်ရှုလေ့လာမှု

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များကို လည်းကောင်း၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို လည်းကောင်း စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်းကဏ္ဍအလိုက် ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည် ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပကာ မေးခွန်းများ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယခုကဲ့သို့ လေ့လာရေးအစီအစဉ်များကို ကျောင်းသားလူငယ်များအနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှု ကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

“သားတို့ကတော့ တပ်မတော်(ကြည်း၊ ရေ၊လေ)ပြခန်းအားလုံးကို လေ့လာပြီးသွားပါပြီ။ သားအနေနဲ့ တပ်မတော်(ကြည်း၊ ရေ၊ လေ)အပိုင်းထဲမှာ ရေကိုပိုပြီးတော့ စိတ်ဝင်စားပါတယ်။ ပြောင်းလဲတိုးတက်လာတဲ့ နည်းပညာတွေကို လက်တွေ့အသုံးချပြီး တည်ဆောက်ခဲ့တဲ့ ရေယာဉ်တွေကို လေ့လာရပါတယ်။ ရေယာဉ်တွေအားလုံးကို ကိုယ်တိုင်မောင်းနှင်ပြီးတော့ မြန်မာ့ပင်လယ်ပြင်ကို ကာကွယ်ချင်ပါတယ်။ ကျွန်တော်တို့ လာရောက်လေ့လာရတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်”ဟုပြောသည်။

“အားလုံးပဲ မင်္ဂလာပါရှင့်။ ဂုဏ်ယူစရာကောင်းတဲ့ စစ်သမိုင်းပြတိုက်ရဲ့ နေရာအားလုံးနဲ့ပြခန်းတွေအားလုံးကို လေ့လာခဲ့ပြီပဲဖြစ်ပါတယ်။ နောက်နှစ်တွေမှာဆိုရင်လဲ အခုလိုမျိုးလေ့လာရေးခရီးစဉ်တွေကို ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်ရှင့်”ဟုပြောသည်။ **(၅၀၁)**













တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)













ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပစဉ်။



☆ ကျောဖုံးမှအဆက်

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃၀)မှ သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။





ယနေ့တွင်ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃၀)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

“စစ်ပညာရပ်တွေကို သင်ကြားချင်လို့ ပြည်သူ့စစ်မှုထမ်း အပတ်စဉ်(၃၀)ကို လာရောက်တက်ခဲ့ခြင်း ဖြစ်ပါတယ်။ သင်တန်းကာလမှာလဲ သင်တန်းနည်းပြတွေ သင်ကြားပေးတဲ့ စစ်နည်းဗျူဟာတွေကို တိတိကျကျ မှန်မှန်ကန်ကန် လိုက်နာ ဆောင်ရွက်သွားမှာပါလို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ နောင်လာမယ့် ညီအစ်ကိုတွေအတွက်ကတော့ မြန်မာနိုင်ငံသားပီသစွာနဲ့ မြန်မာနိုင်ငံတော် စစ်မှုထမ်းဥပဒေထုတ်ပြန်ချက်အရ လာရောက်ပြီးတော့ အလှည့်ကျ အလေးအနက်ထား တာဝန်ထမ်းဆောင်ပေးပါလို့ ပြောချင်ပါတယ်ခင်ဗျ”ဟု ပြောသည်။

“ပြည်သူ့စစ်မှုထမ်းဥပဒေ ထုတ်ပြန်တဲ့အပေါ်မှာ လူငယ်တစ်ယောက်အနေနဲ့ ကိုယ့်ရဲ့နိုင်ငံတော်ကို ကာကွယ်နိုင်ပြီဆိုပြီးတော့ သန္နိဋ္ဌာန်ချမှတ်ပြီးတော့မှ နိုင်ငံရဲ့ မြေထု၊ လေထု၊ ရေထု အားလုံးကို ကာကွယ်ဖို့ရာအတွက် မိမိတို့ဆီမှာ တာဝန်ရှိလာပြီဆိုတဲ့ အသိစိတ်ကို ရနိုင်ပါတယ်။ ပြည်သူ့စစ်မှုထမ်းကို တက်ရောက်မယ့် လူငယ်များအတွက်လဲ လာရောက်ဖို့ရာအတွက် ဖိတ်ခေါ်ပါတယ်။ ကိုယ့်နိုင်ငံတော်ရဲ့ လေထု၊ မြေထု၊ ရေထုကို ကိုယ်ပဲကာကွယ်ရမှာပဲ ဖြစ်ပါတယ်” ဟု ပြောသည်။

(၅၀၁)

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူ့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



● **တောင်ကြီးတန်ဆောင်တိုင်မှ**

ပွဲတော်ကို ပွဲတော်ကျင်းပရေးကော်မတီနာယကရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပွဲတော်ဖွင့်ပွဲတွင် တိုင်းရင်းသားအဖွဲ့များက ကိန္နရီကိန္နရာ အကများ၊ တိုးနရားအကများ၊ ရှမ်းဓားသိုင်းအကများ၊ တိုင်းရင်းသားရိုးရာအကများ၊ ဒေသခံအဆိုတော်များက ခေတ်ပေါ်တေးသီချင်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်သည် တိုင်းရင်းသားရိုးရာအစဉ်အလာအရ ကျင်းပသည့် ပွဲတော်တစ်ခုဖြစ်ပြီး နိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ပြည်သူများသာမက ကမ္ဘာ့နိုင်ငံများမှ ခရီးသွားဧည့်သည်များပါ စိတ်ဝင်စားစွာ လာရောက်လည်ပတ်ကြသည့် ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ပွဲတော်တွင် တိုင်းရင်းသားပြည်သူများအားလုံး ညီရင်းအစ်ကို မောင်ရင်းနှမများပမာ ချစ်ခင်ရင်းနှီးစွာ၊ အေးချမ်းတည်ငြိမ်စွာ၊ စည်းလုံးညီညွတ်စွာ၊ ပျော်ရွှင်ကြည်နူးစွာ ပါဝင်ဆင်နွှဲကြခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ သွေးစည်းညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်သည့်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အကျိုးရလဒ်ကောင်းများကို မျက်ဝါးထင်ထင်တွေ့မြင်ခံစားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး တန်ဆောင်တိုင်ပွဲတော်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ စိန်နားပန်မီးပုံးပျံကို လွှတ်တင်ပေးသည်။

ထို့အတူ တိုင်းရင်းသား၊ တိုင်းရင်းသူများက မီးပုံးပျံအလတ် အလုံး ၆၀၀၊ ကျောင်းသား၊ ကျောင်းသူများက မီးပုံးပျံအသေး အလုံး ၈၀၀ စုစုပေါင်း မီးပုံးပျံအလုံး ၁၄၀၀ ကို လွှတ်တင်ပေးကြပြီး မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အဝေရာမီးပုံးပျံကြွင်းအတွင်း ဖွင့်ပွဲမီးပုံးပျံ စိန်နားပန်မီးပုံးပျံကို လွှတ်တင်ပေးကြသည်။

ထိုသို့ ပွဲတော်ဖွင့်ပွဲကျင်းပစဉ် အဆိုတော် စိုင်းဟိန်းကိုကို တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဆုရသီချင်းဖြစ်သည့် ကမ္ဘောဧမောတို့ရှမ်းဌာနေသီချင်းဖြင့် ဖျော်ဖြေခြင်း၊ တိုင်းရင်းသား၊ တိုင်းရင်းသူအကအဖွဲ့များက တူညီအကဖြင့် ကပြဖျော်ဖြေခြင်း၊ ခေတ်ပေါ်တေးဂီတတီးဝိုင်းဖြင့် ဖျော်ဖြေခြင်းတို့ ဆောင်ရွက်ကြရာ ပွဲတော်လာပြည်သူများက ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ယခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ညမီးကြိုး ၇၁ လုံး၊ စိန်နားပန် ၄၁ လုံး စုစုပေါင်း ညလွှတ်မီးပုံးပျံ ၁၁၂ လုံး၊ နေ့လွှတ်အရုပ် ခြေနှစ်ချောင်း အရုပ် မီးပုံးပျံ ၂၃၆ လုံး၊ ခြေလေးချောင်း အရုပ် မီးပုံးပျံ ၁၃၈ လုံး၊ အရုပ်အုပ်စု ၇၅ လုံး စုစုပေါင်း ၄၄၉ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မောင်မောင်သန်း(တောင်ကြီး)

■ **သက်ထားသူဇာမှ**

ယူအေအီးကြက်တောင်မယ် အယ်ဇာဟာရာကိုအနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်ကြက်တောင်မယ် သက်ထားသူဇာသည် အောင်မြင်မှုများနှင့်ဝေးကွာနေခဲ့ပြီးနောက် ဇမ်ဘီယာအင်တာနေရှင်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဇမ်ဘီယာ အင်တာနေရှင်နယ်ကြက်တောင်ရိုက်ပြိုင်ပွဲတွင် သက်ထားသူဇာသည် ၃၂ ဦး ရှုံးထွက်အဆင့်တွင် ယူအေအီးကြက်တောင်မယ် ပါရိုးကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ၁၆ ဦး ရှုံးထွက်အဆင့်တွင် ဆော်ဒီကြက်တောင်မယ် ကော့ဖ်ဟိုးနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့်ကောင်း၊ ကွာတားဖိုင်နယ် အဆင့်တွင် ယူဂန်ဒါကြက်တောင်မယ် မိုဟာမက်ရာဖီနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ် အဆင့်တွင် ယူအေအီးကြက်တောင်မယ် ဆန်ဒရာပန်ဒန်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲအဆင့်တွင် ယူအေအီးကြက်တောင်မယ် အယ်ဇာဟာရာကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုတ်ခူးခဲ့ခြင်းဖြစ်သည်။

ဇမ်ဘီယာ အင်တာနေရှင်နယ်ကြက်တောင်ရိုက်ပြိုင်ပွဲကို ဇမ်ဘီယာနိုင်ငံ လူဆာကာမြို့တွင် နိုဝင်ဘာ ၁၂ ရက်မှ ၁၅ ရက်ထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

✱ **တိုက်ရိုက်ထုတ်လွှင့်မည်မှ**

နိုဝင်ဘာ ၁၉ ရက်တွင်လည်းကောင်း နံနက် ၉ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များအနက် အမျိုးသမီးအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊ အမျိုးသားအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထိုသို့ ကျင်းပမှုများကို MRTV-HD၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့တွင် တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ (၁၆ - ၁၁ - ၂၀၂၆)

ထားဝယ်	၃၇	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်	မော်လမြိုင်	၃၅	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်
မြဝတီ	၃၆	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်	ပခုက္ကူ	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မုဒုံ	၃၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်	မြိတ်	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ရေး	၃၅	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်	ဘားအံ	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ပြည်	၃၅	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်	ရွှေကျင်	၃၄	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်

ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန် တီးတိန်မြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၆

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တီးတိန်မြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နယ်မြေဒေသလုံခြုံရေးရှိမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းပြောကြားပြီး ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြို့မိမြို့ဖတစ်ဦးက ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တီးတိန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအဆောက်အအုံနှင့်ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ အလုံးစုံပျက်စီးသွားသည့်အဆောက်အအုံများကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် ကျောင်းသားအိပ်ဆောင်၊ စာကြည့်တိုက်နှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆောက်အအုံများ ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှုနှင့်ဆယ်တင်ပစ္စည်းများ စနစ်တကျသိမ်းဆည်းထားရှိမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများကို အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးကို ယနေ့ထိ ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ခြောက်ထပ်အဆောက်အအုံ တစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံကို ယာဉ်ယန္တရားများဖြင့် စနစ်တကျဆက်လက် ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက် ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံလေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ခုနစ်လုံး၊ စုစုပေါင်းအဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၂ လုံးကိုလည်း စနစ်တကျဆက်လက် ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)






မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ ပုသိမ်ကြီးမြို့နယ်တို့၌ သေနတ်ဖြင့် ပစ်ခတ်လုယက်၍ အမျိုးသားသုံးဦးကို သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦး သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၆

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၆ ရက် ည ၆ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် ၅၈ လမ်း၊ ၁၁၃ လမ်းနှင့် ၁၁၄ လမ်းကြားရှိ “ရွှိုင်း” Baby Store ဆိုင်သို့ အမျိုးသားတစ်ဦးရောက်ရှိလာပြီး သေနတ်ပြဿိမ်းခြောက်၍ သေနတ်တစ်ချက်ပစ်ဖောက်ကာ ငွေကျပ် ငါးသိန်းကို လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ အောင်ပင်လယ်နယ်မြေရဲစခန်းက(ပ)၁၆၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၄ ရက် ည ၆ နာရီ မိနစ် ၂၀ ခန့်တွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၅၈ လမ်း၊ ၃၂ လမ်းနှင့် ၃၂ လမ်း(A)လမ်းကြားရှိ Lwin Mobile Phone အရောင်းဆိုင်သို့ အမျိုးသားတစ်ဦးရောက်ရှိလာပြီး ဆိုင်မှဝန်ထမ်းများကို သေနတ်ပြဿိမ်းခြောက်၍ သေနတ်နှစ်ချက်ပစ်ဖောက်ကာ မှန်ကောင်တာကိုရိုက်ခွဲ၍ လက်ကိုင်ဖုန်းမျိုးစုံ ငါးလုံးကို လုယက် ယူဆောင်သွားခဲ့ကြောင်း သတင်းအရ ချမ်းအေးသာစံမြို့နယ်အမှတ်(၃)နယ်မြေရဲစခန်းက (ပ)၁၁၇/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာ ကားလမ်းဘေးရှိ “ထာဝရ” ဖုန်းဆိုင်သို့ အမျိုးသားတစ်ဦးရောက်ရှိလာပြီး သေနတ်ပြဿိမ်းခြောက်၍ တောင်းခံရာ မရရှိသဖြင့် ဆိုင်ပိုင်ရှင်ဖြစ်သူကိုအောင်မျိုးသန့် ၃၇ နှစ်ကို သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ရာ ကိုအောင်မျိုးသန့်တွင် ဦးခေါင်းကျည်ထိမှန် ဒဏ်ရာရရှိသေဆုံးခဲ့ပြီး တရားခံက ငင်းစီးနင်းလာသည့် ဆိုင်ကယ်ဖြင့် လိန်ပင်ကျေးရွာဘက်သို့ ထွက်ပြေးသွားခဲ့သဖြင့် ကိုအောင်မျိုးသန့်၏ ဦးလေးဖြစ်သူ ကိုမောင် ခေါ်မိုးကျော်အောင် ၄၇ နှစ်နှင့် ဦးပေလုံး ခေါ်မင်းလွင် ၅၅ နှစ်တို့ နှစ်ဦးက တရားခံ၏နောက်သို့ MDY-12 2E-5457 TOYOTA CROWN ယာဉ်ဖြင့် လိုက်ပါသွားခဲ့ရာ လိန်ပင်ကျေးရွာ ရွာလယ်လမ်းအရောက်၌ အဆိုပါအမျိုးသားက ၎င်းစီးလာသည့် ဆိုင်ကယ်ကို မော်တော်ယာဉ်ရှေ့သို့ထိုး၍ သေနတ်ဖြင့် ထပ်မံပစ်ခတ်ခဲ့ပြီး ယာဉ်ရှေ့ခန်းအတွင်းသို့ MG-1 လက်ပစ်ဗုံး တစ်လုံးကိုပစ်ပေါက်ခဲ့ရာ လက်ပစ်ဗုံးမှာ ပေါက်ကွဲခဲ့ခြင်းမရှိဘဲ သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် ကိုမောင် ခေါ်မိုးကျော်အောင်နှင့် ဦးပေလုံး ခေါ်မင်းလွင် တို့နှစ်ဦးတွင် ခန္ဓာကိုယ်ကျည်ဖောက်ဝင် ဒဏ်ရာများရရှိကာသေဆုံးသွားခဲ့ကြောင်း သတင်းအရ ပုသိမ်ကြီးမြို့မရဲစခန်းက (ပ)၂၄၆/၂၀၂၆၊ ၂၄၈ /၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပုသိမ်ကြီးမြို့နယ် လိန်ပင်ကျေးရွာ ရွာလယ်လမ်းအနီးနေသူ မထက်ယုယုအောင် ၃၆ နှစ်၏နေအိမ်သို့ အမျိုးသားတစ်ဦး ရောက်ရှိလာပြီး သေနတ်ဖြင့်ခြိမ်းခြောက်၍ ၄၅ယ/၇၇၂၄၉ DAYANG ခဲ၊ နက်ရောင် ဆိုင်ကယ်ကို လုယက်ယူဆောင်ခဲ့ပြီး ရေကြည်ကျေးရွာဘက်သို့ ဆက်လက်မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သတင်းအရ ပုသိမ်ကြီးမြို့မရဲစခန်းက (ပ)၂၄၉/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၅ ရက် ညနေ ၄ နာရီတွင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာ မဇူးမြတ်နိုး ၁၉ နှစ်ပိုင်ဆိုင်သည့် “အထင်ကရ” ကုန်စုံဆိုင်သို့ အမျိုးသားတစ်ဦးရောက်ရှိလာပြီး သေနတ်ဖြင့် ခြိမ်းခြောက်၍ ငွေကျပ်သိန်း ၄၀ ကို လုယက်ယူဆောင်ကာ သေနတ် တစ်ချက် ပစ်ဖောက်၍ ထွက်ခွာသွားကြောင်း သတင်းအရ ပုသိမ်ကြီးမြို့မရဲစခန်းက (ပ)၂၄၇/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၉၂ ဖြင့်လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ အမှုအသီးသီးရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူ တရားခံကို ဖမ်းဆီးနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က တရားခံကိုဖမ်းဆီးနိုင်ရေး အခင်းဖြစ်နေရာများကို စစ်ဆေးဆောင်ရွက်ခြင်းနှင့် **စာမျက်နှာ ၂၇ သို့**



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ ပုသိမ်ကြီးမြို့နယ်တို့၌ သေနတ်ဖြင့် ပစ်ခတ်လုယက်၍ အမျိုးသားသုံးဦးကို သတ်ဖြတ်မှုကျူးလွန်ခဲ့သူ နေလင်းအောင် ၂၇ နှစ် (ဘ)ဦးကျော်ဆန်းကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံကို ယာဉ်ယန္တရားများဖြင့် စနစ်တကျဆက်လက် ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ်အဆောက်အအုံကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးထားမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ဝန်းသိုမြို့သို့ရောက်ရှိစဉ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာ သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။



တပ်မတော်စစ်ကြောင်းများက အင်းတော်-မအူကုန်း-ကျောက်တန်း လမ်းကြောင်းပေါ်မှ အကြမ်းဖက်အဖွဲ့များ စစ်စခန်းအဖြစ် အသုံးပြုခဲ့သည့် အိုက်မရွာသစ်ကို ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အင်းတော်-မအူကုန်း-ကျောက်တန်း လမ်းကြောင်းပေါ်မှ အကြမ်းဖက်အဖွဲ့များ စစ်စခန်းအဖြစ်အသုံးပြုခဲ့သည့် ညောင်ကုန်းရွာကို ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အင်းတော်-မအူကုန်း-ကျောက်တန်း လမ်းကြောင်းပေါ်မှ အကြမ်းဖက်အဖွဲ့များ စစ်စခန်းအဖြစ်အသုံးပြုခဲ့သည့် ကျောင်းကုန်းရွာကို ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

◆ ရှင်းလင်းတိုက်ခိုက်မှု

လုပ်ဆောင်လျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိကအရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် အင်းတော်-ဝန်းသို-ကောလင်း-ကျွန်းလှ-ကန့်ဘလူလမ်းကြောင်းနှင့် အင်းတော်-ကျောက်တန်း-စပွာယ်နံသာ လမ်းကြောင်းများကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မြို့ရွာများနှင့် ဆက်သွယ်ရေး လမ်းကြောင်းများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်လျက်ရှိပြီး အင်းတော်-ဝန်းသို-ကောလင်းလမ်းကြောင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်း လမ်းကြောင်းပေါ်တွင် ခိုအောင်းနေထိုင်ပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက် သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်း ရှင်းလင်းခဲ့သည့် သတင်းကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ အင်းတော်- ဝန်းသို-ကောလင်း လမ်းကြောင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်း လမ်းကြောင်းပေါ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် ကျန်ရှိသော အကြမ်းဖက် သောင်းကျန်းသူများနှင့် ၎င်းတို့အခြေပြုစခန်းများကို ရှင်းလင်းတိုက်ခိုက်နိုင်ရေး တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အင်းတော် - ဝန်းသို - ကောလင်းလမ်းပိုင်းပေါ်ရှိ တပ်မတော် စစ်ကြောင်းသည် အောက်တိုဘာ ၂၀ ရက်တွင် စကြာမောင်ကျေးရွာကိုလည်းကောင်း၊ အောက်တိုဘာ ၂၁ ရက်တွင် ကျီကုန်းကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာကိုလည်းကောင်း အသီးသီးပြန်လည် ထိန်းချုပ်နိုင်ခဲ့သည်။

အလားတူ အင်းတော်-မအူကုန်း-ကျောက်တန်းလမ်းပိုင်းရှိ တပ်မတော် စစ်ကြောင်းသည် အောက်တိုဘာ ၂၉ ရက်တွင် ညောင်ကုန်းကျေးရွာနှင့် ဘုဓလက် ကျေးရွာကိုလည်းကောင်း၊ နိုဝင်ဘာ ၁ ရက်တွင် ပိန္နဲကုန်းကျေးရွာကိုလည်းကောင်း၊ နိုဝင်ဘာ ၂ ရက်တွင် ပွိုင့်-၁၈၂ တောင်ကုန်းနှင့် ပွိုင့်-၃၄၄ တောင်ကုန်းကိုလည်းကောင်း၊ နိုဝင်ဘာ ၄ ရက်တွင် ဒိုးပင်ကျေးရွာကိုလည်းကောင်း ပြန်လည် သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ အင်းတော်-ဝန်းသို-ကောလင်းလမ်းကြောင်းပေါ်ရှိ တပ်မတော် စစ်ကြောင်းနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်တွင် ကျွန်းတောကျေးရွာနှင့် ပဒုမ္မာကျေးရွာကိုလည်းကောင်း၊ နိုဝင်ဘာ ၆ ရက်တွင် မင်းကုန်းကျေးရွာနှင့် ကျောက်တန်းကျေးရွာကိုလည်းကောင်း၊ နိုဝင်ဘာ ၇ ရက်တွင် တောင်မော်ကျေးရွာကိုလည်းကောင်း အဆင့်ဆင့်အောင်မြင်စွာ ချီတက်ရှင်းလင်းသိမ်းပိုက်နိုင်ခဲ့ပြီး နိုဝင်ဘာ ၈ ရက် ညနေပိုင်းတွင် ဝန်းသိုမြို့သို့ အောင်မြင်စွာရောက်ရှိခဲ့ရာ

စာမျက်နှာ ၂၇ သို့



တပ်မတော်စစ်ကြောင်းများက အင်းတော်-မအူကုန်း-ကျောက်တန်း လမ်းကြောင်းပေါ်မှ အကြမ်းဖက်အဖွဲ့များ စစ်စခန်းအဖြစ် အသုံးပြုခဲ့သည့် ဗုဓလက်ရွာကို ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်အဖွဲ့များ စစ်စခန်းအဖြစ်အသုံးပြုခဲ့သည့် ခန့်သာရွာကို ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်အဖွဲ့များ စစ်စခန်းအဖြစ်အသုံးပြုခဲ့သည့် ကိုးတောင်ဘို့ရွာကို ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်အဖွဲ့များ စစ်စခန်းအဖြစ်အသုံးပြုခဲ့သည့် သင်တောရွာကို ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



ပိန္နဲကုန်းရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် မိုင်းများ၊ ဆက်စပ်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများက အင်းတော်-ဝန်းသို-ကောလင်း-ကျွန်းလှ-ကန့်ဘလူလမ်းကြောင်းနှင့် အင်းတော်-ကျောက်တန်း-စပွာယ်နံသာ လမ်းကြောင်းများပေါ်ရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်နေရာများတွင် ဘန်ကာများ၊ ပစ်ကျင်းများ၊ ခံစစ်ကျင်းများတူးချစစ်စခန်းအဖြစ်အသုံးပြုထားမှုကို တွေ့ရစဉ်။



ကိုးတောင်ဘို့ရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် မိုင်းများကို တွေ့ရစဉ်။





ဥတုံးပင်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ၏ ဒဏ်ရာရလူနာများအား ခိုအောင်းဆေးကုသနေသည့်နေရာနှင့် အသုံးပြုခဲ့သည့် ဆေးပစ္စည်းများကို တွေ့ရစဉ်။

ဝတ်စုံများ၊ ကျည်ကာအင်္ကျီ၊ ယာယီဆေးကုသသည့်နေရာနှင့် ဆေးပစ္စည်းများ၊ အခြားအသုံးဆောင်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် အဆိုပါဒေသတစ်ဝိုက်ကို ယာယီစိုးမိုးထားစဉ်အတွင်း ကျေးရွာများအတွင်း ဆက်သွယ်ရေးမြောင်းများတူးကာ ပြည်သူလူထုနေအိမ်များနှင့် ခြံစည်းရိုးများတွင် ဘန်ကာများပြုလုပ်ကာ အခိုင်အမာခံစစ်ဆင်၍ အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိရသည်။ ထို့ပြင် ဆက်သွယ်ရေး လမ်းကြောင်းများကို ပိတ်ဆို့၍ အဆိုပါလမ်းကြောင်းပေါ်၌ သွားလာလျက်ရှိသော ခရီးသွားမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များကို ဆက်ကြေးကောက်ခြင်း၊ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်ခဲ့ကြရာဒေသတွင်း ကုန်စည်စီးဆင်းမှုများ နှောင့်နှေးခဲ့ရပြီး ကုန်ဈေးနှုန်းများ ကြီးမြင့်ကာ ပြည်သူလူထုအနေဖြင့်လည်း လူမှုစီးပွားဘဝများ အဘက်ဘက်က နိမ့်ပါးခဲ့ရသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းများကို အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး၊ အဆိုပါလမ်းကြောင်းများတစ်လျှောက် ခိုအောင်းနေထိုင်ပြီး အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများအား ရှင်းလင်းတိုက်ခိုက်ချေမှုန်းနိုင်ရေး အတွက် လိုအပ်သည့်နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

စာမျက်နှာ ၂၆ မှအဆက်

တပ်မတော်စစ်ကြောင်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

ယင်းနောက် တပ်မတော်စစ်ကြောင်းများက ဝန်းသို-ကောလင်း-ကျွန်းလှ-ကန့်ဘလူ လမ်းကြောင်းနှင့် ကျောက်တန်း-စပွာယ်နံသာ လမ်းကြောင်းတို့ကို ယာယီထိန်းချုပ်ပြီး အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက် သောင်းကျန်းသူများကို ရှင်းလင်းတိုက်ခိုက် ချေမှုန်းနိုင်ရေး အတွက် ဝန်းသိုမြို့နှင့် ကျောက်တန်းကျေးရွာတို့၌ စနစ်တကျပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ပြီး စစ်ကြောင်းများခွဲ၍ နယ်မြေရှင်းလင်းရေး လုပ်ငန်းများကို ဟန်ချက်ညီညီ ဆက်လက်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၁ ရက်တွင် ကောလင်းမြို့သို့လည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ဝါးရုံခုံကျေးရွာ၊ ကုက္ကိုလ်ကုန်းကျေးရွာနှင့် ညောင်ကုန်းကျေးရွာတို့ကို လည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် ကိုးတောင်ဘို့ကျေးရွာကို လည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက်တွင် သင်တောကျေးရွာနှင့် ဥတုံးပင်ကျေးရွာတို့ကိုလည်းကောင်း အဆင့်ဆင့် ရှင်းလင်းတိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အဆိုပါလမ်းကြောင်းများနှင့် ကျေးရွာများကို ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်၍ ရွပ်ရွပ်ခွံ့ခွံ့ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ ငယ် ထိတွေ့မှု စုစုပေါင်း ၂၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှအလောင်း ၁၃ လောင်း၊ လက်နက်မျိုးစုံ ၁၁ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ပစ်ကျင်းများ၊ ဘန်ကာများ၊ လူနေတဲများ၊ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ သောင်းကျန်းသူများ၏ ပြောက်ကျား နိုင်ရေး၊ အဆိုပါလမ်းကြောင်းများ တစ်လျှောက် ခိုအောင်းနေထိုင်ပြီး အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများအား ရှင်းလင်းတိုက်ခိုက်ချေမှုန်းနိုင်ရေး အတွက် လိုအပ်သည့်နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

စာမျက်နှာ ၂၅ မှအဆက်

ဒုစရိုက်မှုကိုမလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်များနှင့် ပေါင်းစပ်၍ ကွင်းဆက်မပြတ် စုံစမ်းဆောင်ရွက်ခဲ့ရာ အမှုများကို တရားခံတစ်ဦးတည်းက ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပြီး ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက် ညနေပိုင်းတွင် အခင်းဖြစ်နေရာ အနီး၌ တရားခံစီးနင်းအသုံးပြုခဲ့သည့် ဆိုင်ကယ်နှင့် ဆိုင်ကယ်တူးဘောက် အတွင်းမှ ယာဉ်မှတ်ပုံတင်စာအုပ် တစ်အုပ်၊ ဆိုင်ကယ်ဂီးတက် တစ်ခု၊ ဦးကျော်ဆန်းအမည်ပါ ယာဉ်မောင်းလိုင်စင်ကတ် တစ်ခု၊ ဆိုင်ကယ်ဘီးခွန် တစ်စောင်၊ လက်ပစ်ဗုံးစနစ်တံ တစ်ခု၊ ငွေစက္ကူရောရာ ၉၀၀၀၀ ကျပ်တို့ကိုလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် လိန်ပင်ကျေးရွာ ရွာလယ်လမ်းအနီးနေ မထက်ယုယုအောင်ထံမှ လုယူသွားသည့် DAY-ANG အမျိုးအစား ဆိုင်ကယ်တစ်စီးကို ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာ ဇီးခြဲအနီး လူသွားလမ်းပေါ်မှလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ ယာဉ်မောင်းလိုင်စင်ကတ်ပါ ပုသိမ်ကြီးမြို့နယ် အရှေ့ကန်ကောက်ရပ်ကွက်နေ ဦးကျော်ဆန်း၏ နေအိမ်ကို သွားရောက်စစ်ဆေးခဲ့ရာ နေအိမ်အတွင်းမှ ပစ္စည်းတိုသေနတ်အိတ် တစ်အိတ်၊ စကားပြောစက် သုံးလုံး၊ ပြောက်ကျားကျည်ကာ ဦးထုပ် တစ်လုံး၊ ပြောက်ကျားအင်္ကျီ ခြောက်ထည်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ကာ ပြစ်မှုကျူးလွန်သူ တရားခံမှာ ဦးကျော်ဆန်း၏သားဖြစ်သူ နေလင်းအောင်ဖြစ်ကြောင်း သိရှိရသဖြင့် တရားခံနေလင်းအောင်ကို ပိတ်ဆို့ဖမ်းဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အမှုများကို ကျူးလွန်ခဲ့သူ တရားခံနေလင်းအောင်ကို ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၁၁ နာရီတွင် ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စု လိန်ပင်ကျေးရွာအရှေ့ဘက် စိုက်မွေးသိပ္ပံကျောင်း၏ တောင်ဘက် သရက်ခြံတောအတွင်းရှိ လျှိုအတွင်း၌ ပုသိမ်ကြီးမြို့နယ် အရှေ့ကန်ကောက်ရပ်ကွက်နေ တရားခံနေလင်းအောင် ၂၇ နှစ် (ဘ)ဦးကျော်ဆန်းကို ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် ZORAKI M 906-T အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ငင်းကျည် တစ်တောင့်၊ လက်ကိုင်ဖုန်း နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ ပုသိမ်ကြီးမြို့နယ်တို့၌ သေနတ်ဖြင့် ပစ်ခတ်၍ လုယက်မှုနှင့် လူသတ်မှုများ ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာရဲစခန်း အသီးသီးတွင် အမှု ခြောက်မှုဖြင့် အမှုဖွင့်လှစ်အရေးယူထားရှိသူ တရားခံနေလင်းအောင်ကို သက်သေခံ ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး အလားတူပြစ်မှုများ ထပ်မံကျူးလွန်ထားခြင်း ရှိ၊ မရှိ အသေးစိတ်စစ်ဆေးလျက်ရှိကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

တပည့်သည် ဆရာထက် ပိုတော်ရမည်

ဗညားကျန်းထော

"ဆိုကရေးတီးမှစ၍ ပလေတို၊ အရစ္စတိုတယ်တို့အထိ သုံးဆက်တိုင်ရောက်လာသောအခါ "တပည့်သည်ဆရာထက်ပို၍တော်ရမည်"ဟူသောအယူအဆသည် အကောင်အထည်ပေါ်လာပါတော့သည်။ လူ့လောက၏တိုးတက်မှုသည် လူများ၏အတွေးအခေါ်တိုးတက်မှုအပေါ်တွင် အခြေပြုလျက်ရှိပါသည်။"

ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)

(၁၉၄၀-၂၀၂၅)

(အမျိုးသားစာပေတစ်သက်တာဆုရှင်)

"အသိပညာဆိုသည်မှာ အတွင်းကသာလာသည်။ သို့ဖြစ်၍ ဆရာတစ်ဦး၏တာဝန်သည် သွတ်သွင်းဖို့မဟုတ်။ တပည့်တို့၏စိတ်အတွင်းမှ အရည်အချင်းကိုသာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပေါ်ထွက်လာစေရန် တိုက်တွန်းဖို့သာအရေးကြီးသည်"ဟု ဆိုကရေးတီးက ဆွေးနွေးပြောကြားပါသည်။

ပလေတိုသည် ဆိုကရေးတီး၏ တပည့်ဖြစ်ပေသည်။ ဆရာ့ထက် တပည့်လက်စောင်းထက်ရမည်ဟု ဆရာဖြစ်သူ ဆိုကရေးတီး၏တိုက်တွန်းချက်ဖြင့် ထူးခြားကောင်းမွန်သောအတွေးအခေါ်များ ဖော်ထုတ်နိုင်ခဲ့သည်။ ပလေတိုသည် ဘဝတစ်ခုလုံးစာပေသင်ကြားခြင်းဖြင့် ကုန်ဆုံးသည်။

အရစ္စတိုတယ်သည် ပလေတို၏ တပည့်ဖြစ်လေသည်။ အရစ္စတိုတယ်သည် အဘာဆရာပလေတို၏အဆုံးအမကိုလည်း ရခဲ့သည်။ အဘိုးဆရာဆိုကရေးတီးက သင်ကြားညွှန်ပြခဲ့သည့်ပညာများကိုလည်း ဆက်ခံရယူခဲ့ရသည်။ အဆင့်ဆင့်ပြုစုပျိုးထောင်မှုများကြောင့် အရစ္စတိုတယ်သည် ပိုမိုသစ်လွင်တိုးတက်သောအသိပညာများကို ရှာဖွေလေ့လာနိုင်ခဲ့သည်။ ပညာ၏နယ်ပယ်သည် ပိုမိုကျယ်ဝန်းလာလေသည်။ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့။

ခရစ်တော်မပေါ်မီခေတ်က အတွေးအခေါ်ပညာရှင်များ၏မိန့်ဆိုသင်ကြားချက်များသည် လူ့သမိုင်းအတွက် ဆီမီးတန်ဆောင်အလင်းရောင်များဖြစ်ကြ၏။ ဂေါတမဗုဒ္ဓမြတ်စွာဘုရားကလည်း သိရန်မြင်ရန် တရားကိုသာ ဟောကြားပြည့်ဆွတ်သည်။ ဆုမပေးနိုင်။ ဘာဖြစ်စေ၊ ညာဖြစ်စေဟု ဖန်ဆင်းမပေးနိုင်။ ဆုတောင်းရုံမျှ ဘာမျှမရ။ သိမြင်နားလည်လာသော တရားဓမ္မလမ်းကြောင်းမှန်အတိုင်း ကိုယ်တိုင်လိုက်နာကျင့်သုံးခြင်းအားဖြင့်သာ လက်တွေ့ကောင်းကျိုးချမ်းသာနှင့် လောကုတ္တရာကောင်းကျိုးအေးငြိမ်းချမ်းသာရရှိနိုင်ကြောင်း ပြတ်သားထင်ရှားစွာ ညွှန်ပြဟောကြားခဲ့ပါ၏။

မိမိကိုယ်ကိုသာ အားကိုးရာအစစ်ဖြစ်ကြောင်း၊ မိမိကိုယ်ကို စောင့်ရှောက်တည်ဆောက်ရမည်ဖြစ်ကြောင်း သုတ်ပေါင်းများစွာဖြင့် ဟောကြားတော်မူပါ၏။ ကိုယ်ထူကိုယ်ထကြိုးစားကြရာတွင် လမ်းမှန်သိဖို့ရန်ကတော့ အခြေခံကျစွာလိုအပ်ပါသည်။ "ဆရာမပြ နည်းမကျ"ဟူသောစကားပမာ... အခြေခံကျကျ အမှန်တရား၊ နည်းမှန်လမ်းမှန်အဆုံးအမကို ပြည့်ဆွတ်တတ်ရန်ကား ဆရာသမားကောင်းတို့ တာဝန်ပါတည်။

ဆရာကောင်းသမားကောင်းဟူသည် စာသင်ကျောင်း၊ စာသင်ခန်းထဲမှ ဆရာ၊ ဆရာမလည်းပါဝင်သည်။ ကျေးဇူးရှင် မွေးမိခင်၊ မွေးဖခင်လည်းပါသည်။ ဆွေမျိုးသားချင်းမိသားစုများလည်း ပါကြသည့်အပြင် ပတ်ဝန်းကျင်လူများသည်ပင် ပါဝင်ကြလေသည်။ အနီးအနားရပ်ကွက်နှင့် မြို့နယ်အတွင်းမှာသာမက နိုင်ငံ၊ လူမျိုး၊ တိုင်းရင်းသားအများအပြားအပြင် အမြင်အကြားမှတစ်ဆင့် အာရုံထိတွေ့ခံစားနိုင်သည့် စာပေ၊ ဂီတ၊ ပန်းချီ၊ သဘင်၊ ရုပ်ရှင်၊ ရိုးရာဓလေ့အပြုအမူအပြောအဆို၊ အမူအကျင့်၊ စရိုက်လက္ခဏာများလည်း ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ပါဝင်နေကြသည်။ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးရမည်။

အားလုံးတော့မဟုတ်ပေ။

ကျောင်းစာသင်ခန်းထဲမှ ဆရာ၊ ဆရာမက ကောင်းရာညွှန်ပြမည်သေချာသည်မှန်သော်လည်း အွန်လိုင်းပေါ်မှ ရိုင်းစိုင်းသောအပြုအမူများ၊ ကြမ်းတမ်းသောအပြောအဆိုများ၊ ညစ်ညမ်းသောမဖွယ်မရာများကမူ ဆရာကောင်းမဟုတ်ကြပေ။ ထို့ကြောင့် ပညာရှိကိုသာ ဆည်းကပ်ပါ။ မိတ်ကောင်းကာလဆီက) နာမည်ကျော်စာရေးဆရာ မောင်သာရက မန္တလေးတက္ကသိုလ် သမိုင်းဌာန ပါမောက္ခဒေါက်တာသန်းထွန်းကို မေးခွန်းတစ်ခုမေးခဲ့ဖူးသည်။

"ဆရာကြီး၊ သမိုင်းကို ဘာကြောင့်သင်ရသလဲ"

ဒေါက်တာသန်းထွန်းအဖြေက တိုတိုပင်-

"မ အ အောင်လို့"

အကယ်၍သာလူတစ်ယောက်သည်လူ့သမိုင်းကို မသိခဲ့လျှင် လူအ အခြေအနေအဆင့်မှာပဲ ရှိပေမည်။ သမိုင်းကိုလေ့လာ အသင်ယူခဲ့မည်။ သိခဲ့မည်။ သမိုင်းထဲက အမှန်အမှား၊ အကောင်းအဆိုး၊ အကျိုးအကြောင်းများကို သင်ခန်းစာယူအသုံးချတတ်မည် ဆိုလျှင် ထိုသူက လူအ တစ်ယောက်မဟုတ်တော့ပေ။

❖ ဆရာ့ထက် တပည့်လက်စောင်းထက်ရမည်ဟု ဆရာဖြစ်သူ ဆိုကရေးတီး၏တိုက်တွန်းချက်ဖြင့် ထူးခြားကောင်းမွန်သောအတွေးအခေါ်များ ဖော်ထုတ်နိုင်ခဲ့သည်။ ပလေတိုသည် ဘဝတစ်ခုလုံး စာပေသင်ကြားခြင်းဖြင့် ကုန်ဆုံးသည်။ အရစ္စတိုတယ်သည် ပလေတို၏ တပည့်ဖြစ်လေသည်။ အရစ္စတိုတယ်သည် အဘာဆရာပလေတို၏ အဆုံးအမကိုလည်း ရခဲ့သည်။ အဘိုးဆရာဆိုကရေးတီးက သင်ကြားညွှန်ပြခဲ့သည့်ပညာများကိုလည်း ဆက်ခံရယူခဲ့ရသည်။ အဆင့်ဆင့်ပြုစုပျိုးထောင်မှုများကြောင့် အရစ္စတိုတယ်သည် ပိုမိုသစ်လွင်တိုးတက်သောအသိပညာများကို ရှာဖွေလေ့လာနိုင်ခဲ့သည်။ ပညာ၏နယ်ပယ်သည် ပိုမိုကျယ်ဝန်းလာလေသည်။ ❖

ကျောင်းသင်ပညာရေးသည် ပထဝီဝင်ဘာသာ၊ သမိုင်းဘာသာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ်ၤာ၊ သိပ္ပံစသည့်ဘာသာရပ်တိုင်းသည် ရှေ့ကလူသားများ ရှာဖွေစုဆောင်းမှတ်သားထားပြီးသည့် ပညာရပ်များပါတည်း။ လက်ရှိလူများက ရှေ့ကလူများဆီမှအမွေရခဲ့သည်။ သို့ဖြစ်၍ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးများကို အဆများစွာပိုမိုကောင်းမွန်အောင်(အသိပညာ၊ အတတ်ပညာများ အဆင့်မြင့်လျှင် မြင့်လာသည့်အလျောက်)တည်ဆောက်ဖန်တီးနေကြသည်မဟုတ်ပါလား။ စာမဖတ်လျှင်ကား အမြော်အမြင်နည်းပါး၏။။

ပညာနိမ့်သူများကား စိုက်ပျိုးရေးမှာလည်း ခေတ်နောက်ကျကျန်ရစ်ကာ ပင်ပန်းသလောက် ထွက်ကုန်လည်းမများ၊ အရည်အသွေးလည်း မကောင်း၊ စွေးကောင်းလည်းမရ၊ သီးနှံမျိုးကလည်း ညံ့၊ စိုက်နည်းက စနစ်မကျ၊ ပိုးရောဂါကို မကာကွယ်တတ်၊ အသီးအနှံက အဖျင်းအမှော်သာများ၍ စွေးနှိမ်ခံရ၊ ဗီယက်နမ်တို့၊ ထိုင်းတို့ စပါးတွေက အထွက်နှုန်းလည်းကောင်းကြ၊ ထွက်သောသီးနှံက အရည်အသွေးမြင့်ကြသဖြင့် စွေးကောင်းနှင့် တင်ပို့ရောင်းချနိုင်ကြ။ ပညာကွာခဲ့ကြပြီ။

ထုတ်ကုန်ပစ္စည်းမှာလည်း မိမိက ကျောက်တုံးကျောက်ခဲများကို စွေးနည်းနည်းနှင့်ရောင်းချ၊ ဝယ်ယူသွားသူများက အတတ်ပညာ၊ နည်းပညာ၊ အနုပညာတို့ဖြင့် အဖိုးထိုက်၊ အဖိုးတန်ရတနာ ကျောက်စိမ်းလက်ဝတ်ရတနာ၊ ပတ္တမြားရတနာအဖြစ် ပြောင်းလဲပြုလုပ်ထုတ်လုပ်နိုင်သောကြောင့် ငွေကြေးအဆသိန်းသန်းများစွာ အမြတ်အစွန်းရ၊ ချမ်းသာကြွယ်ဝသွားကြ။

သံတူးရွင်းနှင့် ကျောက်တူးသမားမိမိတို့ကား ပညာနိမ့်ပါးသဖြင့် မိုးထဲလေထဲနေပူထဲမှာ ဆင်းရဲမြဲမြဲ။

အချို့က ပညာ၏အရေးကြီးပုံကိုပင်မသိ။

ပညာက ဘယ်မှာရှိသနည်း။ ကျောင်းစာသင်ခန်းမှ ဆရာ၊ ဆရာမဆီမှာသာရှိသည်မဟုတ်ပါ။ စာအုပ်စာပေတွေထဲမှာ အဆင်သင့်ရှိနေကြပြီးသားဖြစ်ပေသည်။ စာဖတ်ကြပါလေ။

ကျောင်းစာကြည့်တိုက်များအခြေအနေကိုကား ဘာမျှမဖော်ပြလိုတော့ပေ။ စာဖတ်ရှုနိုးမြှင့်တင်ရေးဟု ဖဲကြိုးဖြတ်ခြင်း၊ ပူဖောင်းလွှတ်ခြင်းများ(ထိရောက်သည်ဖြစ်စေ၊ မထိရောက်သည်ဖြစ်စေ)စီမံကြသူများကို ကျေးဇူးတင်ရပေသည်။ အရွယ်အလိုက်၊ နိုင်ငံတကာနှင့်တန်းတူရည်တူရှိသင့်သောစာအုပ်များကို ကျောင်းစာကြည့်တိုက်များသို့ မည်သူက မည်မျှစနစ်တကျဖြည့်တင်းပေးကြပါသနည်း။

တကယ်ဆိုလျှင် လွတ်လပ်ရေးရစအချိန်ကာလမှ အစိုးရအဖွဲ့ဝန်ကြီးချုပ်က အုတ်မြစ်ချခဲ့သည့် **"ဘာသာပြန်စာပေအသင်း"** ကြီးသည် သက်တမ်းမည်မျှတာရှည်အသက်ရှင် အကျိုးပြုခဲ့ပါသနည်း။ အိပ်စက်နေဆဲပေလော။

တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံတို့သည့် မြန်မာလောက်ပင် ဒုတိယကမ္ဘာစစ်ပြီးစတွင်(ပညာရေးနယ်ပယ်တွင် နှိုင်းယှဉ်ကြည့်ပါက)အင်္ဂလိပ်စာအခြေခံ မြန်မာပြည်ကို မယှဉ်နိုင်ပါ။ မမီကြပါ။ သို့တစေ ၁၉၅၀ ပြည့်နှစ်မှ ယနေ့အထိ နှစ်ပေါင်း ၇၀ ကြာလာသောအခါ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံတို့က ကမ္ဘာပေါ်မှာ အင်္ဂလိပ်လို ထွက်ထွက်သမျှ စာအုပ်ကောင်းများ၊ ဘာသာရပ်ဆိုင်ရာသုတပညာရပ်မျိုးစုံစာအုပ်တွေကော ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဂန္ဓဝင်၊ ကဗျာလင်္ကာစာအုပ်များပါ မနေ့ကထွက်ပြီး နောက်တစ်ပတ်ကြာသည်နှင့် တရုတ်ဘာသာ၊ ဂျပန်ဘာသာ၊ ထိုင်းဘာသာတို့ဖြင့် ဘာသာပြန်ပြီး စာအုပ်ဆိုင်တွေပေါ်ရောက်နေကြပြီ။ အမြို့မြို့အနယ်နယ်စာကြည့်တိုက်များသို့ရောက်အောင် ပို့ပြီးလေပြီ။

သူတို့က စာအုပ်စာပေကို တန်ဖိုးထားခဲ့ကြသည်။

သူတို့က ပညာရေးကို အလေးပေးရမှန်းသိကြသည်။

အသိပညာ၊ အတတ်ပညာမြှင့်တင်ရေးကို ခေတ်နှင့်အညီ၊ အချိန်နှင့်တစ်ပြေးညီ ဘာသာပြန်၍မျှဝေနိုင်အောင် လိုက်ပါလုပ်ဆောင်ရမည်ကို သူတို့အုပ်ချုပ်သူများက(ပုဂ္ဂိုလ်တွေ၊ ပါတီတွေ၊ ဘယ်လိုပြောင်းပြောင်း)နိုင်ငံနှင့်လူမျိုး၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ သိပ္ပံနှင့်နည်းပညာအရာရာတို့သည် ပြည်သူလူထုတစ်ရပ်လုံး၏ အသိအမြင်၊ အတွေးအခေါ်၊ ပညာဗဟုသုတပြည့်ဝခြင်း၊ စာအုပ်စာပေကမ္ဘာ့အမွေအနှစ်စာပေများထဲမှ အဆီအနှစ်တွေကို မိမိတို့တိုင်းရင်းသားဘာသာစကားသို့(မြန်မာဆို မြန်မာဘာသာသို့)ဘာသာပြန်ပြီး ဖြည့်ဆည်းပျိုးထောင်ရမည်ဟု သိမြင်နားလည်ဆောင်ရွက်ခဲ့ကြသည်။ ဆောင်ရွက်နေကြသည်။ တော်ပေစွ။

မြန်မာပြည်မှာတော့ ပါမောက္ခဦးဖေမောင်တင်က သူ့လိုတော်သည့်တပည့် ဇော်ဂျီ၊ မင်းသုဝဏ်၊ ဦးအေးမောင်၊ ဦးချမ်းမြဲ၊ ဦးလှရွှေ၊ ဒေါက်တာဦးခင်အေးတို့လို လူစားတွေကို ပျိုးထောင်ခဲ့ပုံမျိုးအဆင့်ဆင့်အဆက်ဆက် မွေးထုတ်ပေးနိုင်အောင် လိုအပ်နေပုံရပေသည်။

ထူးပြည့်

တန်ဆောင်မုန်းလနှင့်ပွဲတော်များ

တန်ဆောင်မုန်းလသည် မြန်မာတို့၏ ၁၂ လ ရာသီတွင် အဋ္ဌမမြောက်လဖြစ်သည်။ မိုးနှောင်းကာလမှ ဆောင်းဦးကာလသို့ကူးပြောင်း၍ ကောင်းကင်ပြင်တွင် မိုးတိမ်များကင်းစင်ကာ သာယာလှပသော ပွင့်လင်းရာသီစတင်ချိန်ဖြစ်သည်။

ကုန်းဘောင်ခေတ်စာဆို မဟာအတုလမင်းကြီးက "မြောက်လေငယ်သွင်းပါလို့၊ မြူနှင်းငယ် စိုစို၊ မြင်တိုင်းငယ်ပျိုသည်၊ ရွှေကျီးညိုတာရာနှင့် ကြတ္တိကာထွန်းတဲ့လကိုလေး။ တန်ဆောင်ငယ်မာသ၊ဆယ့်နှစ်လတွင်၊ ချမ်းမြေအေးရင်၊ ဗြိစ္ဆာခွင်သို့၊ ရက်ငင်ပြောင်းခွာ၊ ခဝဲညာလည်း၊ ခိုင်လွှာဝတ်မှုန်၊ ရနံ့သာထုံတော့တယ်၊ ဘုန်းဂုဏ်ကြော့ သမ္ဘိန်မှာ၊ လှုကထိန်သဘင်ခင်းလို့၊ ကျင်းကြတယ်လေး"ဟု တန်ဆောင်မုန်းလ၏သရုပ်ကို ပေါ်လွင်အောင် လွမ်းချင်းရေးဖွဲ့ခဲ့သည်။

တန်ဆောင်မုန်းလကို ပုဂံခေတ်ရေးထိုးခဲ့သည့် ကျောက်စာ "တန်ဆောင်မှန်"မှ ဆင်းသက်လာသည်ဟုယူဆကြသည်။ "တန်ဆောင်မှန်" မှ "တန်ဆောင်မှန်း"ဖြစ်လာသည်ဟုဆိုသည်။ တန်ဆောင်သည် မီးရှူးမီးတိုင်၊ မှုန်းသည် ထွန်းလင်းတောက်ပခြင်းဟုအဓိပ္ပာယ်ရသည်။ ထို့ကြောင့် ယခင်တန်ဆောင်မှုန်းကို ယခုအခါ တန်ဆောင်မုန်းဟုခေါ်ဆိုကာ မီးရှူးမီးတိုင်ဖြင့် အလင်းရောင်သယ်ဆောင်ပြီး ထွန်းလင်းတောက်ပစေသောလ၊ ဆီမီးတန်ဆောင်ထွန်းညှိသောလ၊ မီးထွန်းလဟု ဆိုကြသည်။

တန်ဆောင်မုန်းလတွင် ကုသိုလ်ရေးပွဲများကို အစဉ်အလာမပျက်ကျင်းပခဲ့ကြသကဲ့သို့ ပျော်ပွဲရွှင်ပွဲများကိုလည်း ဆင်နွှဲကြသည်။ ကုသိုလ်ရေးအတွက် ကထိန်ပွဲ၊ မီးထွန်းပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ သာမညဖလသုတ်တော် ရွှတ်ဖတ်ပွဲများကို ကျင်းပလေ့ရှိသကဲ့သို့ ပျော်ပွဲရွှင်ပွဲများအဖြစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ပုံသကူပစ်ပွဲ၊ စတုဒိသာကျွေးမွေးပွဲ၊ ကျီးမနိုးပွဲများကိုလည်း ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ကထိန်ပွဲ

ကထိန်ဆိုသည်မှာ ကထိနဆိုသည့် ပါဠိစကား မှဆင်းသက်လာခြင်းဖြစ်ပြီး မြဲမြံခိုင်ခဲ့ခြင်းဟု အဓိပ္ပာယ်ရသည်။ မြန်မာဝေါဟာရအဘိဓာန်တွင် ကထိန်အာနိသင်ငါးပါးမြဲမြံခိုင်ခဲ့စွာ ရရှိစေနိုင်သော သင်္ကန်းအလှူဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သင်္ကန်းအဝတ်ကို ဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှုခြင်း၊ ခင်းခြင်း စသည်တို့ကို ခြံငုံခေါ်ဝေါ်သော ဝေါဟာရလည်းဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားလက်ထက်က ရဟန်းအပါး ၃၀ တို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန်လာခဲ့စဉ် လမ်းခရီး၌ ဝါဆို၍ သာကေတမြို့တွင် ဝါကပ်တော်မူကြသည်။ ဝါကျွတ်သည့်အခါ ပဝါရဏာပြုပြီး ခြောက်ယူဇနာခန့်ဝေးသော ခြေလျင်ခရီးကြွရောက်တော်မူခဲ့ကြရာ လမ်းခရီး၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် မိုးရေစိုနေသောသင်္ကန်းများဖြင့် ဘုရားရှင်ကို ဖူးမြော်ကြရသည်။ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကိုအကြောင်းပြု၍ ပုရိမဝါကပ် ခြင်းနှင့် ပြည့်စုံသောရဟန်းတို့ကို သင်္ကန်းကပ်လှူခွင့် (ကထိန်ခင်းခွင့်) ပြုကြောင်း ပညတ်တော်မူခဲ့သည်။

ကထိန်သင်္ကန်းကပ်လှူရာတွင် ကထိန်ခင်းသော သင်္ကန်း၊ ကထိန်လှူဒါန်းနည်း၊ ကထိန်၏အကျိုးအာနိသင်၊ ကထိန်သင်္ကန်းရရှိသည့်ရဟန်းတော်များ၏အခွင့်အရေးစသည်ဖြင့် ကျယ်ပြန့်လှသည်။ ကထိန်ခင်းမည့်သံဃာများ ရှေးဦးစွာပြုလုပ်ရမည့်ကိစ္စရပ်တို့ကို သိပြုရခြင်း၊ ပစ္စုဒ္ဓါရ်ပြုတတ်ရခြင်း၊ အဓိဋ္ဌာန်တင်တတ်ရခြင်း၊ ခင်းပုံခင်းနည်း သိထားရခြင်း၊ မာတိကာကိုသိထားရခြင်း၊ ကြောင့်ကြကို သိထားရခြင်း၊ ကထိန်နုတ်ပုံကိုသိထားရခြင်း၊ အာနိသင်ကိုသိထားရခြင်းဟူသည့် အင်္ဂါရှစ်ရပ်နှင့် ပြည့်စုံရသည်။

ကထိန်သင်္ကန်းကပ်လှူခြင်းကို သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အတွင်း၌သာ လှူဒါန်းရသည်။ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ တစ်ရက်တွင် တစ်ကြိမ်သာ လှူဒါန်းရသောကြောင့် ကာလဒါန မြောက်သည်။ ရဟန်းပုဂ္ဂိုလ်၊ ဂိုဏ်းဂဏစွဲမထားဘဲ သံဃာ့ဂုဏ်ကို အာရုံပြုလှူဒါန်းရသော ကုသိုလ်ဖြစ်သည်။ ဘုရားမှာ စိန်၊ ဆွမ်းမှာ ပိဏ်၊ ကျောင်းမှာ သိမ်၊ သင်္ကန်းမှာ ကထိန်ဆိုသည့်အတိုင်း ကထိန်သင်္ကန်းကပ်လှူခြင်းဖြင့် ကထိန်ခင်းမည့်ရဟန်းတော်များနှင့် ကထိန်သင်္ကန်းကပ်လှူသူများသည် ကောင်းကျိုးများခံစားကြရသည်။

ကထိန်ခင်းသော ရဟန်း၊ ကထိန်အနုမောဒနာပြုသောရဟန်းတို့ ကထိန်ခင်းသောနေ့မှ တပေါင်းလပြည့်နေ့ထိ ရရှိနိုင်သော အာနိသင်များမှာ အနီးရှိရဟန်းတို့ကို မပန်ကြားဘဲ မြို့တွင်းရွာတွင်းသို့ ဝင်ထွက်သွားလာနိုင်ခြင်း၊ တိစီဝရိတ်တင်သော သင်္ကန်းကို မယူဆောင်ဘဲသွားလာနိုင်ခြင်း၊ ရသမျှသင်္ကန်းကို အဓိဋ္ဌာန်၊ ဝိကပ္ပနာမပြုဘဲ အလိုရှိသလောက်ထားရှိသုံးဆောင်နိုင်ခြင်း၊ မအပ်စပ်သော အသုံးအနှုန်းဖြင့် ပင့်ဖိတ်ခြင်း၊ တောင်းခံခြင်းဖြင့် ရရှိသည်ကို ခံယူသုံးဆောင်နိုင်ခြင်း၊ ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း ဖြစ်ပေါ်ရရှိလာသော သင်္ကန်းတို့ကို ကထိန်ခင်းသောရဟန်းတို့သာ သုံးစွဲနိုင်ခြင်း ဟူ၍ ကထိန်အာနိသင်ငါးပါးရှိသည်။

ကထိန်သင်္ကန်းကပ်လှူသူများသည် သွားလေရာအရပ်တို့၌ ဘေးအန္တရာယ်ကင်းစွာသွားရခြင်း၊ မိမိပိုင်ပစ္စည်းများကို ရန်သူများမဖျက်ဆီးနိုင်ခြင်း၊ စားကောင်းသောက်ဖွယ်အထူးပေါများ၍ အစာအတွက် ဘေးမဖြစ်ခြင်း၊ မိမိပိုင်ပစ္စည်းများ ကာလကြာရှည်စွာ မွေလျော့နေသော်လည်းမဆုံးရှုံးခြင်း၊ ဥစ္စာပစ္စည်းများအစုလိုက်အပုံလိုက်ရခြင်း၊ အဆင်းလှခြင်း စသည့်အကျိုးများကို ခံစားရသည်။ ကထိန်သင်္ကန်းကပ်လှူခြင်းကြောင့် သံဃာတော်များကို ကျင်းပကြသည်။ ဆီမီးထွန်းပူဇော်ပွဲနှင့်အတူ မီးရှူးမီးပန်းများနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲများကိုလည်း ကျင်းပကြသည်။

မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ

မသိုးသင်္ကန်းသည် ကထိန်သင်္ကန်းတစ်မျိုးဖြစ်သည်။ တန်ဆောင်မုန်းလပြည့်အဖိတ်နေ့တွင် လူအများကို ဖိတ်ကြား၍ဝါပေါက်ကို ဝါဖန်၊ ဝါကြိတ်၊ ဝါဖတ်ခြင်း၊ ဗိုင်းတောင့်လိပ်၍ ချည်ငင်ခြင်း၊ ချည်ယောက်ခြင်း၊ ယောက်ပြီးချည်ကို ဆေးဆိုး၊ ခြောက်သွေ့အောင်လှန်း၍ ရက်ဖောက်ယောက်ခြင်း၊ ရက်ကန်းရက်ခြင်းများကို အရာဏ်မတက်မီ အပြီးလုပ်ဆောင်၍ မြတ်စွာဘုရားရှင်ကို ဆက်ကပ်လှူဒါန်းကြသည်။ နေ့ကူးသွားလျှင် သိုးသည် ဟူသောအယူအဆဖြင့် အချိန်မီအပြီးရက်လုပ်လှူဒါန်းရသဖြင့် မသိုးသင်္ကန်းဟုခေါ်ဆိုခြင်းဖြစ်သည်။

သာမညဖလအခါတော်နေ့

အဇာတသတ်မင်းသည် ကျေးဇူးရှင်ဖခင်ကို သတ်ခဲ့သည့်အကုသိုလ်ကံကြောင့် စိတ်သောက ဝေဒနာခံစားနေရသည်ကို ဗျောက်ကင်းရန် ကြိုးပမ်းခဲ့သည်။ ဆရာဇီဝက၏ အကြံပြုချက်အရ သရက်ဥယျာဉ်တော်၌ သီတင်းသုံးတော်မူနေသည့် မြတ်စွာဘုရားထံသွားရောက်ခဲ့ရာ ဘုရားရှင်က ရဟန်းအဖြစ်၏ အကျိုးအဆင့်ဆင့်ပါသော သာမညဖလသုတ္တန်ကို အဇာတသတ်မင်း နားလည်အောင် သာဓကများစွာဖြင့် တန်ဆောင်မုန်းလပြည့်နေ့တွင် ဟောကြားတော်မူခဲ့သည်။ ဤသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် ပူဇော်ကြခြင်းဖြစ်သည်။

ပုံသကူပစ်ပွဲ

တန်ဆောင်မုန်းလပြည့်နေ့ညတွင် ကုသိုလ်ရေးများနှင့်အတူ ပျော်ပွဲရွှင်ပွဲအဖြစ် ပုံသကူပစ်ပွဲများကို ပြုလုပ်ကြသည်။ မြန်မာအဘိဓာန်တွင် ပုံသကူကို စွန့်ပစ်ထားသည့်သင်္ကန်း စသည်ဟုအဓိပ္ပာယ်ဖွင့်ဆိုထားသည်။ တန်ဆောင်မုန်းလပြည့်နေ့ညတွင် မိမိတို့တတ်နိုင်သည့် ငွေကြေး၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို အထုပ်ကလေးများထုတ်၍ ရသူယူစေသဘောဖြင့် လပြည့်နေ့ည၌ လူမသိအောင် ပစ်ထားကြသည်။ ပုံသကူပစ္စည်းရှာသူများကလည်း ပစ်ထားသည့်ပုံသကူပစ္စည်းများကို လိုက်လံရှာဖွေကြပြီး တွေ့ရှိကြပါက ပျော်ရွှင်ကြသည်။ ပုံသကူအလှူရှင်များက သူတို့ပစ်ထားသည့်ပစ္စည်းရှာတွေ့သွားပြီး ပျော်ရွှင်ကြသည်ကို ကြည့်၍ဝမ်းသာပီတိဖြစ်ကြသည်။ အလှူရှင်များက အဓိဋ္ဌာန်ဖြင့် ပုံသကူပစ်၍ ကုသိုလ်ပြုကြသည်။

စတုဒိသာကျွေးမွေးပွဲ

တန်ဆောင်မုန်းလပြည့်နေ့တွင် အရပ်လေးမျက်နှာမှအယုတ်အလတ်အမြတ်မရွေး ရောက်လာကြသူမှန်သမျှကို ဧည့်ခံကျွေးမွေးခြင်း၊ အသုံးအဆောင်ပစ္စည်းများကို ကံစမ်းမဲဖောက်လှူဒါန်းကြသည်။ တချို့က နေအိမ်ရှေ့၌ ထမင်းနှင့်ဟင်း၊ ကြာဆံဟင်းခါး၊ မုန့်ဟင်းခါး၊ မုန့်လုံးရေပေါ် စသည်တို့ကို စတုဒိသာအနေဖြင့် ကျွေးကြသည်။ ဖိတ်ကြားထား၍လာရောက်ခြင်းမဟုတ်ဘဲ လမ်းကြုံသူမည်သူမဆို ဝင်ရောက်၍ အခမဲ့သုံးဆောင်နိုင်သည်။ အချို့အဖွဲ့အစည်းများ၊ ရုံးဌာနများ၊ ရပ်ကွက်များတွင် အလှူရှင်များ စုပေါင်းပြီး ပစ္စည်းများကို ကံစမ်းမဲဖောက်ပေးကြသည်။

ဆေးပေါင်းခသည့် မဲလီဖူးသုပ်

တန်ဆောင်မုန်းလပြည့်နေ့ညတွင် ကောင်းကင်ပြင်၌ နက္ခတ်တာရာများစုံလင်နေပြီး သစ်ပင်များကို စောင့်ရှောက်ကြသည့်နတ်များသည် မဲလီပင်စောင့်နတ်ထံသို့ လာရောက်ခစားကြသည်ဟုဆိုသည်။ ထိုတန်ဆောင်းမုန်းလပြည့်ညသည် ဆေးပေါင်းခသည် ဆိုသည့်အယူအဆဖြင့် မဲလီဖူးများကို ပြုတ်၍ မြေပဲဆန်ထောင်း၊ ကြက်သွန်နီကြော်၊ပဲဆီ စသည့်အဆာပလာများထည့်၍ သုပ်စားကြသည်။ ထို့ပြင် မဲလီဖူးများကို ပတ်ဝန်းကျင် နေအိမ်များသို့လည်း လိုက်လံဝေငှ ကုသိုလ်ပြုကြခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် တန်ဆောင်မုန်းလပြည့်နေ့ညတွင် ကောင်းကင်ပြင်သည် ကြည်လင်သာယာနေပြီး နက္ခတ်တာရာများ စုံလင်သည့်ညဖြစ်သည်။ မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ တန်ဆောင်မုန်းလ၏ တန်ဆောင်တိုင်ပွဲတော်ကို ကောင်းမှုကုသိုလ်ပြုခြင်းများနှင့်အတူ ပျော်ပွဲရွှင်ပွဲများကို စည်းလုံးညီညွတ်စွာဖြင့် ရိုးရာမပျက်ကျင်းပခဲ့ကြသည်။ နောင်လာနောက်သားများအနေဖြင့် မြန်မာ့ရိုးရာ အစဉ်အလာကောင်းများကို ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။

ကိုးကား

- မြန်မာအဘိဓာန်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကား ဦးစီးဌာန၊ မြန်မာစာအဖွဲ့။
- ဝိဿဇ္ဇက(ပဲခူး) ၏ ဗုဒ္ဓေါ တပတိ တေဇော ပန်းတိုင်ဦးသန်းမောင်၏ ဆယ့်နှစ်ရာသီပွဲတော်များနှင့် မှတ်တမ်းကဗျာများ။
- နေ့စဉ်ထုတ် သတင်းစာများ။

❖ ယခင်တန်ဆောင်မှုန်းကို ယခုအခါ တန်ဆောင်မုန်းဟုခေါ်ဆိုကာ မီးရှူးမီးတိုင်ဖြင့် အလင်းရောင်သယ်ဆောင်ပြီး ထွန်းလင်းတောက်ပစေသောလ၊ ဆီမီးတန်ဆောင်ထွန်းညှိသောလ၊ မီးထွန်းလဟုဆိုကြသည်။ တန်ဆောင်မုန်းလတွင် ကုသိုလ်ရေးပွဲများကို အစဉ်အလာမပျက်ကျင်းပခဲ့ကြသကဲ့သို့ ပျော်ပွဲရွှင်ပွဲများကိုလည်း ဆင်နွှဲကြသည်။ ကုသိုလ်ရေးအတွက် ကထိန်ပွဲ၊ မီးထွန်းပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ သာမညဖလသုတ်တော် ရွှတ်ဖတ်ပွဲများကိုလည်း ဆင်နွှဲကြသည်။ ကုသိုလ်ရေးအတွက် ကထိန်ပွဲ၊ မီးထွန်းပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ သာမညဖလသုတ်တော် ရွှတ်ဖတ်ပွဲများကို ကျင်းပလေ့ရှိသကဲ့သို့ ပျော်ပွဲရွှင်ပွဲများအဖြစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ပုံသကူပစ်ပွဲ၊ စတုဒိသာကျွေးမွေးပွဲ၊ ကျီးမနိုးပွဲများကိုလည်း ပျော်ရွှင်စွာ ဆင်နွှဲကြသည်။❖

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၆၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၅၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၂၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၂၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၂၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

FDA အမှတ်-2212 PCE 0013

ကာဝရုရှုပသော အပြုံးအတွက်

DENTOMEC

သွားဆရာဝန်များ၏ ထောက်ခံချက်ရရှိထားပါသည်။

Dentist Recommended



ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၆၉၉၀ ၂၇၀၈၅၊ ၀၉ ၄၂၀၅၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ပြင်ဦးလွင် နန်းမြိုင်ကော်ဖီ နှင့် MOUNT PLEASANT COFFEE



ပင်ရင်းအရောင်း - ဖုန်း - ၀၈၅ ၂၀ ၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ မြောင်းဆုံငယ်ကျေးရွာအုပ်စု၊ မြောင်းဆုံငယ်ကျေးရွာနေ ဒေါ်အေးအေးခိုင် (၉/စကတ(နိုင်)၀၇၉၉၇၇)၏ဖခင်အမည်မှာ **ဦးမောင်မြင့်** (ခ) **ဦးခင်မောင်မြင့်** သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်မြင့် (ခ) ဦးခင်မောင်မြင့်
(၉/စကတ(နိုင်)၀၁၄၈၈၃)

ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ အောင်ချမ်းသာရပ်ကွက်နေ ဒီကာမာယာ (ခ) ခင်လှ (ဘ) ဦးဝီလ်ဘာဒူး (ခ) ပတ်တမန်ဘာဒူး(၉/မကန(နိုင်)၀၂၆၁၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-455749025**

လျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။




၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



လျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်လျင်ခုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။လျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-စာ၀၃၃၃၄၇၊
၀၆၇-စာ၀၃၃၃၄၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီး၌ စုဖွဲ့၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀)သင်တန်းဖွင့်ပွဲများ ကျင်းပကြသည်။ စာမျက်နှာ ၂၃ ကော်လံ ၁☆



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီး၌ ကျင်းပစဉ်။

ရတနာပုံ ယနေ့ဗဟိုစာရာ

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

စာမျက်နှာ - ၈

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ပိုလ်ချုပ်ကြီး ကျော်စွာလင်း ၂၇ ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး (27th ASEAN Chiefs of Army Multilateral Meeting 27th ACAMM) တက်ရောက်ရန် မလေးရှားနိုင်ငံသို့ ရောက်ရှိ

စာမျက်နှာ - ၁၉

ရတနာပုံ ယနေ့ဗဟိုစာရာ

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ - ၂၅



တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဖွင့်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူ သုံးသိန်းကျော် လာရောက်ကြည့်ရှုအားပေး

တောင်ကြီး နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ အဝေးရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ပွဲတော်ဖွင့်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူ သုံးသိန်းကျော် လာရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ●

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၁၆

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာ ၁၇ ရက်(ယနေ့)တွင်လည်းကောင်း၊ တတိယဗိုလ်လုပွဲကို နိုဝင်ဘာ ၁၈ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို

စာမျက်နှာ ၂၄ ကော်လံ ၁ ✱


ဇမ်ဘီယာအင်တာနေရှင်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာ ချန်ပီယံဆုဆွတ်ခူး

ရန်ကုန် နိုဝင်ဘာ ၁၆

ဇမ်ဘီယာနိုင်ငံတွင် ကျင်းပခဲ့သည့် ဇမ်ဘီယာအင်တာနေရှင်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာအနေဖြင့်

စာမျက်နှာ ၂၄ ကော်လံ ၁ ■





တပ်မတော်စစ်ကြောင်းများက အင်းတော်-ဝန်းသို့-ကောလင်း-ကျွန်းလှ-ကန့်ဘလူလမ်းကြောင်းနှင့် အင်းတော်-ကျောက်တန်း-စပွာယ်နံသာလမ်းကြောင်းများတစ်လျှောက် အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် ၎င်းတို့ယာယီအခြေပြုခိုလှုံရာနေရာများကို ရှင်းလင်းတိုက်ခိုက်

တပ်မတော်စစ်ကြောင်းများက ဝန်းသို့-ကောလင်း-ကျွန်းလှ-ကန့်ဘလူလမ်းကြောင်းနှင့် ကျောက်တန်း-စပွာယ်နံသာလမ်းကြောင်းများပေါ်ရှိ အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများကို ရှင်းလင်းတိုက်ခိုက်မှုပြမြေပုံ။

နေပြည်တော် နိုဝင်ဘာ ၁၆

တပ်မတော်အနေဖြင့် နယ်မြေဒေသအေးချမ်းသာယာ၍ ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များအပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင်လည်း နိုင်ငံတော်အစိုးရ၊ ဒေသခံပြည်သူလူထုတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးပြီး အဖျက်အမှောင့်လုပ်ငန်းများ

စာမျက်နှာ ၂၆ ကော်လံ ၁ ◆